မန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၆၉)၊ ၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်၊ ၃၀-၈-၂၀၂၄၊ သောကြာနေ့။

## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာ သည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ပဉ္စမအကြိမ်ကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးတွင် ထူးချွန်ထက်မြက်ပြီး နိုင်ငံ့ဂုဏ်ဆောင်သည့် အားကစားသမားများ ထွက်ပေါ်လာနိုင်ပြီး နိုင်ငံတော်အဆင့်၊ အာဆီယံအဆင့် စံချိန်ချိုးနိုင်သည့် အားကစားသမားများလည်း ထွက်ပေါ်လာနိုင်

## ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများအဖြစ် မျှော်မှန်းကြိုးစားယှဉ်ပြိုင်

နေပြည်တော် ဩဂုတ် ၂၉

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေး ဦးစီးကော်မတီ တတိယအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဉ္စမအကြိမ် အမျိုးသားအားကစား ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကျင်းပရေးဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီး များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော် ကောင်စီဝင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

စာမျက်နှာ ၃ သို့ ☆

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂၉

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာအညွှန်း

ရန်ကုန်-မန္တလေး အခြေပြုပြေးဆွဲနေသော လေကြောင်းလိုင်းများ လက်မှတ်နှုန်းပြောင်းလဲ
စာမျက်နှာ ၁၃

ပြည်တွင်းဒေါ်လာဈေးကျဆင်းမှုနှင့်အတူ ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဈေးကျဆင်းလာ
စာမျက်နှာ ၁၄

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၃၀ ရက် ၊ သောကြာနေ့ ။

မန္တလေး နေ့စဉ်

## အစားအသောက်နှင့် ဆေးဝါးများ ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်လျက်ရှိ

ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ အများပြည်သူများ နေ့စဉ်စားသောက်သုံးစွဲနေသည့် အစားအသောက်နှင့် ဆေးဝါးများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေးပြည့်မီရေးအတွက် အမျိုးသားအစားအသောက်ဥပဒေ၊ အမျိုးသားဆေးဝါးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မူဝါဒများချမှတ်ခြင်း၊ ကောင်းမွန်သောကျင့်စဉ်များ သတ်မှတ်ပေးခြင်း၊ နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းများ သတ်မှတ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်သူများ နေ့စဉ်စားသောက်သုံးစွဲနေရသည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်၊ လူသုံးကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုကို တာဝန်ယူဆောင်ရွက်ရသည့်အတွက် အလွန်တာဝန်ကြီးကြောင်း၊ ဦးစီးဌာနရှိဝန်ထမ်းအားလုံး၏ အတူတကွ ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုကြောင့် လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ ဦးစီးဌာနအနေဖြင့် လုပ်ငန်းများလျင်မြန်ချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိသလို အစားအစာ၊ ဆေးဝါးများ၏ ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် စံချိန်စံညွှန်းများနှင့်ကိုက်ညီအောင် စနစ်တကျစိစစ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆေးဝါးများ၊ အစားအစာများနှင့် အလှကုန်ပစ္စည်းများကို မှတ်ပုံတင်ရာတွင် E-submission စနစ်ကို အသုံးပြုနိုင်ခြင်းကြောင့် လုပ်ငန်းများ ပိုမိုမြန်ဆန်လာသည်ကို တွေ့ရှိရကြောင်း၊ ပြည်သူအများ နေ့စဉ်သုံးစွဲနေရသည့် သောက်ရေသန့်များ၊ စားသုံးဆီများ၊ နို့မှုန့်များကို စနစ်တကျ ပုံမှန်စစ်ဆေးကြီးကြပ်ပေးရန်လိုအပ်ကြောင်း၊ MSME လုပ်ငန်းများ အဆင့်မီမီ တိုးတက်စေရေးအတွက်လည်း ဆက်လက်ကူညီပံ့ပိုး ဆောင်ရွက်ပေးစေလိုကြောင်း ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ဩဂုတ် ၂၈ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံရာ၌ လမ်းညွှန်မှာကြားခဲ့သည်။

ဒုတိယဝန်ကြီးက ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများ(MSMEs)နှင့် စပ်လျဉ်းသည့် စားသောက်ကုန်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးတို့ကို ပံ့ပိုးဆောင်ရွက်စေလိုကြောင်း လမ်းညွှန်မှာကြားခဲ့သည်။

သို့ဖြစ်ရာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ပြည်သူများနေ့စဉ်စားသုံးနေသည့် အစားအသောက်နှင့် ဆေးဝါးများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသောက်နိုင်ရေး၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆောင်ရွက်နေသော ဓာတ်ခွဲခန်းလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်စေရေးနှင့် ဈေးကွက်ထောက်လှမ်းစစ်ဆေးခြင်းကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မိတ္ထီလာမြို့နယ်နှင့် သာစည်မြို့နယ်များရှိ ကျေးရွာချင်းဆက်လမ်းများ ကတ္တရာခင်းလုပ်ငန်းနှင့် တံတားတည်ဆောက်ခြင်း လုပ်ငန်းများအား ကြည့်ရှုစစ်ဆေး



**မိတ္ထီလာ ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးသည် မိတ္ထီလာမြို့နယ်နှင့် သာစည်မြို့နယ်များရှိ ကျေးရွာချင်းဆက်လမ်းများ ကတ္တရာခင်းလုပ်ငန်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများအား ယနေ့ နံနက်ပိုင်းက ကွင်းဆင်း စစ်ဆေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေ ၁၂၂ ဒသမ ၅၇၀ သန်းဖြင့် မိတ္ထီလာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကြီးကြပ်ပြီး Unique Design Company မှ တာဝန်ယူ၍ ဇွန်လ ၆ ရက်မှ စတင်၍ မြင်းခြံလမ်းမှရေချို ဘူတာ-ရွာသာလမ်းအား အရှည် ၀/၃ မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၁၅ လက်မရှိ ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေ ၁၆၉ ဒသမ ၂၆၀ သန်းဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာမှ ဒေသခံပြည်သူများ ဖြတ်သန်းသွားလာသည့် မြို့ရှောင်လမ်းမှ ပျော်ကုန်း-အုတ်ဖိုလမ်း အရှည် ၀/၄ မိုင်၊ အကျယ် ၁၂ ပေ၊ ထု ၁၅ လက်မရှိ ကတ္တရာခင်းခြင်းလုပ်ငန်းကို မေလ၂၁ ရက်မှစတင်၍ မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူ၍ ဆောင်ရွက်လျက်ရှိသည့် ကတ္တရာခင်းခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် ခရိုင်ဦးစီးမှူး ဒေါ်နှင်းနှင်းအိလှိုင်တို့က ရှင်းလင်းတင်ပြရာ ဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည့် ကျေးရွာချင်းဆက်လမ်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ပြီးစီးနိုင်ရေးနှင့် လမ်းများ ရေရှည်တည်တံ့အောင် ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးသည် ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေ ၁၃၈ ဒသမ ၇၄၀ သန်းဖြင့် သာစည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကြီးကြပ်ပြီး TTT Brother Company မှ တာဝန်ယူ၍ ဇွန် ၅ ရက်မှစတင်၍ သူဌေးကုန်း-ဆူးပုတ်ကန်-ချောင်းစောက်ရိုးလမ်းပေါ်ရှိ အရှည် ပေ ၄၀၊ အကျယ် ပေ ၂၀ရှိ သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေ ၇၉ ဒသမ ၈၅၆ သန်းဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာမှ ဒေသခံပြည်သူများဖြတ်သန်းသွားလာသည့် မိတ္ထီလာ-တောင်ကြီးကားလမ်းမှ ကြက်မောက်-ဇီးတောလမ်း အရှည် ၀/၄ မိုင်၊ အကျယ် ၁၆ ပေ၊ ထု ၁၄ လက်မရှိ ကတ္တရာခင်းခြင်းလုပ်ငန်းကို မေ ၂၃ ရက်မှစတင်၍ မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူ၍ ဆောင်ရွက်လျက်ရှိသည့် ကတ္တရာခင်းခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် ခရိုင်ဦးစီးမှူး ဒေါ်နှင်းနှင်းအိလှိုင်တို့က ရှင်းလင်းတင်ပြရာ ဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိသည့် ကျေးရွာချင်းဆက်လမ်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ပြီးစီးနိုင်ရေးနှင့် လမ်းများရေရှည်တည်တံ့အောင် ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားခဲ့သည်။

(အပေါ်ဝဲပုံ)

(၄၆၉)

၀-၀-၀-၀-၀

## မြန်မာနိုင်ငံစာရေးဆရာအသင်း၊ တတိယအကြိမ်ညီလာခံ၊ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး ထပ်ဆင့်ရှင်းလင်း

**မန္တလေး ဩဂုတ် ၂၉**

မြန်မာနိုင်ငံ စာရေးဆရာအသင်း တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး (၂၀၂၄)နှင့် စာပေဆုများ ချီးမြှင့်ပွဲအခမ်းအနား ထပ်ဆင့်ရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀နာရီက မန္တလေး အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြု ဗဟိုဌာနတွင် ကျင်းပပြုလုပ်သည်။

စာပေညီလာခံထပ်ဆင့်ရှင်းလင်းပွဲသို့ အောင်မြေသာစံမြို့နယ် စာရေးဆရာအသင်း၏ နာယကများ၊ဥက္ကဋ္ဌ ဦးမော်စန်း(မြောက်ပြင်တော်ကကိုရွှေမော်)၊ အတွင်းရေးမှူးဦးမြဝေ(ယောမင်းကြီး)နှင့် အမှုဆောင်များ၊ အသင်းဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်မြို့နယ်ဦးစီးမှူး ဒေါ်တင့်တင့်ရွှေနှင့်ဝန်ထမ်းများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြို့နယ်စာရေးဆရာအသင်းနာယက ဦးကံလှ (မောင်လူလှ-ဇေယျာဦး)က အမှာစကားပြောကြားပြီး ဥက္ကဋ္ဌ ဦးမော်စန်းက မှတ်တမ်းစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံစာရေးဆရာအသင်း တတိယအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး(၂၀၂၄)နှင့် စာပေဆုများချီးမြှင့်ပွဲအခမ်းအနား ထပ်ဆင့်ရှင်းလင်းပွဲသို့ တက်ရောက်ခဲ့သည့် ဦးမောင်မောင် (မောင်-မန္တလေးတက္ကသိုလ်)က အစည်းအဝေးအတွေ့ အကြုံများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် တက်ရောက်လာသူများက မြို့နယ်စာရေးဆရာအသင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသီးသီးအကြံပြုဆွေးနွေးပေးကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၉၃)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်

နေပြည်တော် ဩဂုတ် ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၈ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၄ /၂၀၂၄ ဖြင့် ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအား အတည်ပြုထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ဥပဒေသည် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှ ၂၀၂၅ ခုနှစ်၊ မတ် ၃၁ ရက်အထိ အကျိုးသက်ရောက်မည်ဖြစ်သည်။ **သတင်းစဉ်**

# ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၄ /၂၀၂၄)**

၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

၃။ ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄ ပုဒ်မခွဲ(က)၏ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ အမှတ်စဉ် ၃၉ တွင်ပါရှိသော “ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ)နှင့်” ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၄။ ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄ ပုဒ်မခွဲ(ဈ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(ဈ) ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ)နှင့် ရွှေထည်လက်ဝတ်ရတနာများ ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင်လည်းကောင်း သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ သို့ရာတွင် ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) နှင့် ရွှေထည်လက်ဝတ်ရတနာများကို ပြည်တွင်း၌ ဝယ်ယူစဉ် သို့မဟုတ် ပြည်ပမှတင်သွင်းစဉ်က ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပြည်တွင်း၌ ရောင်းချစဉ် သို့မဟုတ် ပြည်ပသို့တင်ပို့စဉ် ပေးဆောင်ရသည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ခုနှိမ်ခွင့်မရှိစေရ။”

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

☆ ရှေ့ဖုံးမှ

ဦးစွာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် အားကစားနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုမှုများစွာရှိသည့်အနက် **“အားကစားသည် ယဉ်ကျေးသော လူ့အဖွဲ့အစည်းတစ်ရပ်၏ အထိမ်းအမှတ် လက္ခဏာဖြစ်သည်ဟု မှတ်ယူကြသည်၊ တစ်နည်းအားဖြင့် အားကစားသည် လူသားထုတစ်ရပ်လုံး၏ ကျန်းမာကြံ့ခိုင်ရေးကိုရှေးရှုသော ပျော်ရွှင်ရင်ခုန်ကြည်နူးဖွယ် လှုပ်ရှားမှုအဖြစ် လူတစ်ဦးချင်း၊ လူတစ်စုလူတစ်ဖွဲ့မှသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၊ လူမှုအသိုင်းအဝိုင်းတစ်ရပ်လုံးမှသည် လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံချင်းစီအကြား လူသားဆန်သော အပြန်အလှန် ရင်းနှီးချစ်ကြည်မှုကို ဖန်တီးပေးနိုင်သည့်အရာဟု သိရှိရပါကြောင်း၊ တစ်နည်းအားဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေး၏ သံတမန်အခင်းအကျင်းတစ်ရပ်အဖြစ် လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ ချစ်ကြည်ခြင်းတည်းဟူသော လောကပါလတရားများကိုပင် ဖြစ်ထွန်းစေနိုင်သည်ဟု မျှော်လင့်ယုံကြည်ကြသည်”**ဟုလည်း အဓိပ္ပာယ်ဖွင့်ဆိုကြကြောင်း။

**ရေရှည်ရပ်တည်နိုင်ရေး ပံ့ပိုးပေး**

ပဉ္စမအကြိမ် ကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးတွင် ထူးချွန်ထက်မြက်ပြီး နိုင်ငံ့ဂုဏ်ဆောင်သည့် အားကစားသမားများ ထွက်ပေါ်လာနိုင်ပြီး နိုင်ငံတော်အဆင့်၊ အာဆီယံအဆင့် စံချိန်ချိုးနိုင်သည့် အားကစားသမားများလည်း ထွက်ပေါ်လာနိုင်ကြောင်း၊ ထို့အတူ ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ထူးချွန်ထက်မြက်သည့် အားကစားသမားများ ထွက်ပေါ်လာမည်ဖြစ်သည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် အဆိုပါထူးချွန်အားကစားသမားများကို ရေရှည်ရပ်တည်နိုင်ရေး ပံ့ပိုးပေးရန်လိုကြောင်း၊ အမျိုးသားအားကစားပွဲတော်ကြီးတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့်လည်း နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများအဖြစ် မျှော်မှန်းကြိုးစား ယှဉ်ပြိုင်သွားကြရမည်ဖြစ်ကြောင်း။

**☆ အာရှနှင့် အရှေ့တောင်အာရှအဆင့် အားကစားပြိုင်ပွဲကြီးများ အပါအဝင် နိုင်ငံတကာ အားကစားပြိုင်ပွဲကြီးပေါင်း ၂၂ ခုသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် ၇၇ ခု၊ ငွေတံဆိပ် ၈၇ ခုနှင့် ကြေးတံဆိပ် ၁၅၉ ခုရရှိအောင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် နိုင်ငံ့လက်ရွေးစင်အားကစားသမားများကို အခမ်းအနားများကျင်းပပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်တက်ရောက်၍ ဆုကြေးငွေအားဖြင့် ငွေကျပ် ၇၄၅၂၃ သိန်းနှင့် အမေရိကန်ဒေါ်လာ ၁၃၃၉၀၀ တို့ကို အားကစားသမားများအား ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးခဲ့**

**☆ ထိုသို့ ချီးမြှင့်ခြင်းသည် မျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်လိုသည့် စိတ်ဓာတ် ပေါ်ပေါက်လာစေရန် ရည်ရွယ်ပြီး ဆောင်ရွက်ပေးနေခြင်းဖြစ်**

အမျိုးသားအားကစားပွဲတော် ကျင်းပရန် သုံးလဝန်းကျင်ခန့် အချိန်ရရှိသေးသော်လည်း ကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်မျှော်မှန်း ဆောင်ရွက်ထားရန်နှင့် ဖွင့်ပွဲ၊ ပိတ်ပွဲ၊ အခမ်းအနားများ ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးနှင့် ပြိုင်ပွဲပွဲစဉ်တစ်လျှောက် လစ်ဟာမှုမရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများကို အောင်မြင်လိုသည့် စိတ်ဓာတ်ကောင်းများ၊ အလေ့အကျင့်ကောင်းများ ပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း၊ ထူးချွန်အောင်မြင်စွာ ထွက်ပေါ်လာမည့် အားကစားသမားများကိုလည်း ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်သွားကြရမည်ဖြစ်ကြောင်း၊ ယခင်အစိုးရများ လက်ထက်တွင်လည်း ထူးချွန်အောင်မြင်ခဲ့သည့် အားကစားသမားများကို ဂုဏ်ပြုချီးမြှင့်ခဲ့သကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်လျက်ရှိကြောင်း။

**ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေး**

ထိုသို့ ချီးမြှင့်ခဲ့မှုအနေဖြင့် အာရှနှင့်အရှေ့တောင်အာရှအဆင့် အားကစားပြိုင်ပွဲကြီးများ အပါအဝင် နိုင်ငံတကာ အားကစားပြိုင်ပွဲကြီးပေါင်း ၂၂ ခုသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် ၇၇ ခု၊ ငွေတံဆိပ် ၈၇ ခုနှင့် ကြေးတံဆိပ် ၁၅၉ ခုရရှိအောင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် နိုင်ငံ့လက်ရွေးစင် အားကစားသမားများကို အခမ်းအနားများ ကျင်းပပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင်တက်ရောက်၍ ဆုကြေးငွေအားဖြင့် ငွေကျပ် ၇၄၅၂၃ သိန်းနှင့် အမေရိကန်ဒေါ်လာ၁၃၃၉၀၀တို့ကိုအားကစားသမားများအား ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်း၊ ထိုသို့ ချီးမြှင့်ခြင်းသည် မျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်လိုသည့် စိတ်ဓာတ်ပေါ်ပေါက်လာစေရန် ရည်ရွယ်ပြီး ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ဩဂုတ် ၁၂ ရက်တွင် ကျင်းပခဲ့သည့် **“၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့”** အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လူငယ်ကဏ္ဍနှင့်ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် လူမှုရေးဦးတည်ချက် (၃)ရပ်တွင် **“နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး”**ဟု ထည့်သွင်းချမှတ်ထားရှိပြီး လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ယခင်ကထက် ပိုမိုထိရောက်ကျယ်ပြန့်စွာ မြှင့်တင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း။

ထို့ပြင် ယနေ့လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်တိုင်းကျန်းမာကြံ့ခိုင်အောင် အားကစားနည်းတစ်မျိုးမျိုးကို လေ့လာလိုက်စားစေပြီး အဆိုပါလူငယ်များထဲမှ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွက်လာအောင် ဆောင်ရွက်ကြရေးသည် အလေးထားဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်ကို အသိပေးမှာကြားလိုသည်ဟု လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ အဆိုပါ မှာကြားချက်ကို လုပ်ငန်းလမ်းညွှန်ချက်အဖြစ် မှတ်သားပြီး ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

**အသက်တိကျမှန်ကန်ရေး**

ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အားကစားသမားများ၏ အသက်တိကျမှန်ကန်ရေးနှင့် ပတ်သက်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ E-id Software အသုံးပြုစစ်ဆေးပေးရန်လိုကြောင်း၊ ယခင်က မိမိဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အောင်နိုင်လိုစိတ်ဖြင့် အသက်ကန့်သတ်ချက်များအား ကျော်လွှားဆောင်ရွက်ခဲ့မှုများရှိကြောင်း၊ သို့ဖြစ်၍ အသက်တိကျမှန်ကန်ရေးအတွက် မှန်မှန်ကန်ကန် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် တားမြစ်ဆေးဝါးသုံးစွဲပြီး ယှဉ်ပြိုင်ခြင်းမရှိစေရန်လည်း ကျန်းမာရေးဝန်ကြီးဌာနက ဆေးပညာရှင်များနှင့် သေချာစွာကြပ်မတ်စစ်ဆေးမှသာ မှန်ကန်မျှတသည့် ပြိုင်ပွဲဖြစ်လာမည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

## ❖ ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူများက ကဏ္ဍအလိုက် အမျိုးသားရေး အသိစိတ်ဓာတ်နှင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်

ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူများက ကဏ္ဍအလိုက် အမျိုးသားရေး အသိစိတ်ဓာတ်နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်နှင့် မမျှော်မှန်းနိုင်သည့် လုပ်ငန်းအခက်အခဲများ ပေါ်ပေါက်လာပါကလည်း တာဝန်ရှိသူအဆင့်ဆင့်က အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ပြိုင်ပွဲအမျိုးအစားသတ်မှတ်ခြင်းနှင့် ပြိုင်ပွဲအစီအစဉ်များ၊ ဆုချီးမြှင့်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ကျင်းပရေးကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးနှင့် နေပြည်တော်ကောင်စီဝင်တို့က ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားများကို ခေတ်ကာလနှင့်လျော်ညီစွာ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ်လျာထားချက်များနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### ဆွေးနွေးတင်ပြ

ဆက်လက်၍ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီ၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီနှင့် ခုံသမာဓိဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားကြမည့် အစီအမံများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

### ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

# စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၂/၂၀၂၄-၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဩဂုတ် ၂၉

စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၂/၂၀၂၄-၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရုံးအမှတ် (၃၀) စက်မှုဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ယနေ့အစည်းအဝေးတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း စက်ပစ္စည်းကြီးကြပ်မှုကော်မတီသို့ ရန်ပုံငွေ လွှဲပြောင်းသုံးစွဲခြင်းနှင့် စီမံကိန်းတန်ဖိုးပြောင်းလဲခြင်းအမှာစာ ၁၃ စောင်တို့ကို အတည်ပြုနိုင်ရန် ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ စက်ကိရိယာပစ္စည်း ဝယ်ယူရေးလုပ်ငန်းစဉ်များ၊ ပစ္စည်းလက်ကျန်စီမံခန့်ခွဲခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ စံကိုက်ချိန်ညှိခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ခြင်း၊ မှတ်တမ်းနှင့် အချက်အလက်ထိန်းသိမ်းခြင်း စသည့်အကြောင်းအရာများနှင့် စပ်လျဉ်းသည့်ကိစ္စများကို ဦးစီးဌာနအဖွဲ့အစည်းအသီးသီးက တစ်ပြေးညီလိုက်နာဆောင်ရွက်နိုင်ရေး လိုအပ်ပါသဖြင့် စက်ကိရိယာပစ္စည်းစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းကို ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ မူဝါဒ လုပ်ငန်းတာဝန်များနှင့်အညီ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်စေရန် အဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြပါရန် ပြောကြားသည်။

ယင်းနောက် စက်ပစ္စည်းကြီးကြပ်မှုကော်မတီသို့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ တင်ပြသည့်အမှာစာများကို ကော်မတီဝင်များနှင့် ဝန်ကြီးဌာနကိုယ်စားလှယ်များက ရှင်းလင်းတင်ပြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက စက်ကိရိယာပစ္စည်းစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းရေးဆွဲရာတွင် ပါဝင်သင့်သည့်အချက်အလက်များကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စက်ပစ္စည်းကြီးကြပ်ရေးကော်မတီသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများတွင် အသုံးပြုလျက်ရှိသည့် သဘောသဘာဝမတူညီသည့်



စက်ပစ္စည်းကိရိယာများကို ကြီးကြပ်စီမံခန့်ခွဲရမည်ဖြစ်၍ စီမံခန့်ခွဲရန်စနစ်လိုအပ်သောကြောင့် လုပ်ထုံးလုပ်နည်းကို ပြုစုရေးဆွဲရခြင်းဖြစ်ကြောင်း၊ ရေးဆွဲထားရှိသည့်လုပ်ထုံးလုပ်နည်းမူကြမ်းကို ကော်မတီဝင်များသို့ ဖြန့်ဝေထားပြီးဖြစ်ကြောင်း၊ သဘောသဘာဝမတူညီသည့် စက်ကိရိယာပစ္စည်းများကို စီမံခန့်ခွဲနိုင်ရေးအတွက် ပြီးပြည့်စုံသည့် လုပ်ထုံးလုပ်နည်းဖြစ်စေရန် ဝန်ကြီးဌာနများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကော်မတီဝင်များက စက်ကိရိယာပစ္စည်း စီမံခန့်ခွဲမှုလုပ်ထုံးလုပ်နည်းရေးဆွဲခြင်းနှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်
၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်
ပြည်သူသို့ အသိပေးကြေညာခြင်း

### လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်း

၁။ နိုင်ငံတော်၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် လျှပ်စစ်ဓာတ်အားရရှိရေးသည် အဓိကကျသောကြောင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများနှင့် ဓာတ်အားလိုင်းကြီးများ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများကို ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် ဆောင်ရွက်ပြီး လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများသို့ တည်ငြိမ်သောလျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးနှစ်အလိုက် ထုတ်လုပ်မှုစရိတ်မြင့်မားလာပါသဖြင့် ဓာတ်အားခနှုန်းထားများအား ပြင်ဆင်သတ်မှတ်ရန် လိုအပ်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ်၊ လျှပ်စစ်ဥပဒေပုဒ်မ ၄၁ နှင့်အညီ လျှပ်စစ်ဓာတ်အားခနှုန်းထား ပြင်ဆင်သတ်မှတ်ရန်ကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၅ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၄)၏ သဘောတူညီချက်အရ လျှပ်စစ်ဓာတ်အားခနှုန်းထားများကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်သွားမည်ဖြစ်ပါသည်-

| စဉ် | ဓာတ်အားသုံးစွဲသူအမျိုးအစား | ဓာတ်အားခနှုန်းထား | |
|---|---|---|---|
| | | ယူနစ်အလွှာ | ကျပ် |
| (က) | **အိမ်သုံးအမျိုးအစား**<br>[နေအိမ်သုံး၊ အိမ်သုံးပါဝါ၊ တစ်လုံးတစ်ခဲတည်း (အိမ်သုံး)၊ စီးပွားရေးလုပ်ငန်းမပါသော ဘာသာ/ သာသနာ အဆောက်အအုံ] | ၁ မှ ၅၀ ယူနစ်ထိ | ၅၀ |
| | | ၅၁ မှ ၁၀၀ ယူနစ်ထိ | ၁၀၀ |
| | | ၁၀၁ မှ ၂၀၀ ယူနစ်ထိ | ၁၅၀ |
| | | ၂၀၁ ယူနစ်နှင့်အထက် | ၃၀၀ |
| (ခ) | **အိမ်သုံးမဟုတ်သည့်အမျိုးအစား**<br>[စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ တစ်လုံးတစ်ခဲတည်း၊ ယာယီသုံး၊ လမ်းမီး၊ အစိုးရရုံးဌာနအဖွဲ့အစည်းများ၊ နိုင်ငံပိုင်စက်မှုလုပ်ငန်းများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ မြစ်ရေတင်လုပ်ငန်း၊ စည်ပင်သာယာရုံးဌာန/ လုပ်ငန်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံခြားသံရုံးများ၊ နိုင်ငံတကာအဖွဲ့အစည်းများ] | ၁ မှ ၅,၀၀၀ ယူနစ်ထိ | ၂၅၀ |
| | | ၅,၀၀၁ မှ ၂၀,၀၀၀ ယူနစ်ထိ | ၄၀၀ |
| | | ၂၀,၀၀၁ ယူနစ်နှင့် အထက် | ၅၀၀ |

၃။ ယခုပြင်ဆင်သတ်မှတ်လိုက်သော ဓာတ်အားခနှုန်းထားများသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်မှစ၍ အကျိုးသက်ရောက်မည်ဖြစ်ပါသည်။

ပန်းမန်သစ်ပင်၊ လေသန့်စင်၍၊ ဥယျာဉ်တောတန်း၊ စိတ်ရွှင်လန်း၏။



# ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၂၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကျောက်ပန်းတောင်းမြို့နယ်ရှိ ကျေးရွာ လေးရွာ၌ ကျေးလက်ရေရရှိရေးအတွက် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး



ကျောက်ပန်းတောင်း ဩဂုတ် ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ နွေရာသီကာလ သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိစေရန် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာ လေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ပြီးစီးမှုနှင့် ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦး၊ မန္တလေးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မျိုးလွင်နှင့် တာဝန်ရှိသူများသည် လက်ပံပင်ကျေးရွာ၊ စံပယ်ပင်ကျေးရွာနှင့် ရွာလုကျေးရွာများတွင် မြေသားရေကန်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးက တာဝန်ရှိသူများအား ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ပိုင်းဝန်းကြိုးစားထိန်းသိမ်းကြရန် မှာကြားကာ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ကန်ရဲကျေးရွာတွင် ကျေးရွာ သုံးရွာကို အကျိုးပြုမည့် အလျားပေ ၄၀၀၊ အနံ ပေ၄၀၀၊ အနက် ခြောက်ပေရှိ မြေသားရေကန်အနက်နှိုက်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

၂၂

# မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် တိုင်းဒေသကြီးအားကစားဆပ်ကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မန္တလေး ဩဂုတ် ၂၉

၂၀၂၄ခုနှစ် ဒီဇင်ဘာလအတွင်း နေပြည်တော်တွင် ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ မန္တလေးတိုင်းဒေသကြီး အားကစားအသင်းများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်ပွဲရရှိစေရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၃၀ရှိ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဘော်လီဘော၊ ဘတ်စကတ်ဘော၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်း၊ တင်းနစ်၊ ကြက်တောင်၊ ဘီလီယက်၊ စနူကာစသည့် အားကစားဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌ အတွင်းရေးမှူးတို့နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်က အမျိုးသားအားကစားပွဲတော်တွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုအသင်းများ ပါဝင်ယှဉ်ပြိုင်အောင်ပွဲခံယူနိုင်ရေးအတွက် အားကစားဆပ်ကော်မတီအလိုက် ပြိုင်ပွဲနှင့် လူရွေးပွဲများ၊ စည်းကမ်းတစ်ကျစီစဉ်ဆောင်ရွက်ကြရန် အကျယ်တဝင့်မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် အားကစားဆပ်ကော်မတီမှ တာဝန်ရှိသူတို့က မိမိတို့ အားကစားနည်းအလိုက် ဆောင်ရွက်ထားရှိမှုတို့ကို အသီးသီးတင်ပြကြရာ ညွှန်ကြားရေးမှူးမှ တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အလားတူ ဩဂုတ် ၂၇ရက်တွင်လည်း တိုင်းဒေသကြီးအားကစားဆပ်ကော်မတီနှင့် လက်ဝှေ့၊ ဝူရှူး၊ ကရာတေး၊ ဂျူဒို၊ တိုက်ကွမ်ဒို၊ ဗိုဗီနမ်၊ သိုင်းစသည့် အားကစားနည်းဆပ်ကော်မတီတို့နှင့်လည်း အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ပြိုင်ပွဲနှင့် လူရွေးပွဲကျင်းပရေးအတွက် ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။

(၀၄၀)

# မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမျိုးသမီးဘောလုံးကော်မတီ အစည်းအဝေး (၁/၂၀၂၄)ကျင်းပ ပြီးစီး

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် (MFF)၏ အမျိုးသမီးဘောလုံးကော်မတီအစည်းအဝေး(၁/၂၀၂၄)အား ယနေ့ ညနေ ၃နာရီက နိုဗိုတယ်ရန်ကုန်မက်စ်တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အမျိုးသမီးဘောလုံးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စံပယ်ကြည်၊ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်စောဦး၊ အဖွဲ့ဝင်များဖြစ်သည့် ဒေါ်သိန်းသိန်းအေး၊ ဒေါ်စံပယ်ထွန်း၊ ဒေါ်ကလျာဇော်၊ ဒေါ်နိုင်ရာမိုး၊ ဒေါ်ဟေနှင်းထက်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနည်းပြချုပ် ယူကီနှင့် ဌာနတာဝန်ခံများ တက်ရောက်ခဲ့ကြသည်။



အစည်းအဝေးတွင် MFF ဥက္ကဋ္ဌမှ အဖွင့်အမှာစကား ပြောကြားခဲ့ပြီးနောက် ကော်မတီဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။ ယင်းနောက် မြန်မာအမျိုးသမီးလိဂ်နှင့် ပြိုင်ပွဲများ စီစဉ်ဆောင်ရွက်နေမှု၊ ကစားသမား၊ နည်းပြနှင့်ဒိုင်များ ဖွံ့ဖြိုးရေးဆောင်ရွက်မှု၊ အမျိုးသမီးလက်ရွေးစင်အသင်းများ၏ နိုင်ငံတကာပြိုင်ပွဲများ ပြင်ဆင်ထားရှိမှု၊ ဖူဆယ် အမျိုးသမီးပြိုင်ပွဲများနှင့် လက်ရွေးစင်အသင်းများ ပြင်ဆင်ထားရှိမှု၊ အမျိုးသမီးဘောလုံးလောကဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် အမျိုးသမီးဘောလုံးအကယ်ဒမီတည်ဆောက်ရေးလုပ်ငန်းများနှင့် ဖွင့်လှစ်ရန် ပြင်ဆင်ထားရှိမှုများ၊ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲအား တောင်ကြီး၊ မန္တလေး၊ ရန်ကုန်စသည့် ဇုန်(၃)ခုဖြင့် ကျင်းပရေး ဆောင်ရွက်နေမှုများ၊ နိုင်ငံတကာပြိုင်ပွဲများ သွားရောက်တာဝန်ထမ်းဆောင်ခြင်းနှင့် ပရိုလိုင်စင် ရရှိရေး ဆောင်ရွက်ချက်များအား တင်ပြရှင်းလင်းချက်များအပေါ် MFF ဥက္ကဋ္ဌ၊ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အထွေထွေဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌက နိဂုံးချုပ်စကား ပြောကြားကာ အစည်းအဝေးအား ရုပ်သိမ်းခဲ့သည်။

(NGB)

# လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲ ကျင်းပ

မန္တလေး ဩဂုတ် ၂၉

၂၀၂၄ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီက အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်ရှိ မြတ်စောညီနောင် ခမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်မြေသာစံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၂) ဦးဇော်လင်းဦးက အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးအရာရှိ ဦးသိန်းလွင်က သန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာများအကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက်အခမ်းအနားသို့ တက်ရောက်လာသူများက သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားပြီး အိမ်ထောင်စုဇယားနှင့် မှတ်ပုံတင်ကတ်မရှိသူများအတွက်ကိုလည်း လုပ်ဆောင်ပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက တက်ရောက်လာသူများအား ၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

အဆိုပါ ဟောပြောပွဲအခမ်းအနားသို့ အောင်မြေသာစံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၂) ဦးဇော်လင်းဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးအရာရှိ ဦးသိန်းလွင်နှင့်ဝန်ထမ်းများ၊ သီရိမာလာအရှေ့ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမျိုးမျိုးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်ကွက်နေပြည်သူများ၊ စုစုပေါင်း(၂၂၀)ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(၀၃၇)

# မေတ္တာအစွမ်း၊ ကမ္ဘာလွှမ်း၊ ငြိမ်းချမ်းကြပါစေ

ဆရာစန်း(မန်းမြို့သစ်)

**မေတ္တာတရား**

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် မေတ္တာတရားကို အလေးနက်ထားကြသည်။ မေတ္တာ၏အစွမ်းကိုလည်း ယုံကြည်ကြသည်။

မေတ္တာတရားဟူသည် "မိမိနှင့်နှိုင်းကာ မိမိချမ်းသာချင်သကဲ့သို့ အခြားသူတွေလည်း ချမ်းသာလိုကြသည်။ မိမိ မဆင်းရဲချင်သကဲ့သို့ အခြားသူတွေလည်း မဆင်းရဲလိုကြသည်ဟူ၍ မိမိကိုယ်ကို သက်သေထား ကိုယ်ချင်းစာတရားထား၍ အခြားတစ်ပါးသတ္တဝါများအပေါ်တွင် အကျိုးလိုလားသည့်စိတ်၊ ချမ်းသာစေလိုသည့်စိတ် ထားရှိမှုသည် စင်စစ်မေတ္တာတရားပင် ဖြစ်သည်။"

လူသားတို့မည်သည် ပုထုဇဉ်များဖြစ်ကြသဖြင့် လောဘ၊ ဒေါသ၊ မောဟတို့ မကင်းစင်ကြပေ။ လောဘ၊ ဒေါသ၊ မောဟတရားတို့ ကြီးမားပါက မိမိကိုရော ပတ်ဝန်းကျင်ကိုပါ ဒုက္ခအမျိုးမျိုး ပေးတတ်သည်ကို ဂရုပြုကြရသည်။ လောဘ၊ ဒေါသ၊ မောဟတို့၏ အဖျက်စွမ်းအားကြောင့် အများသူငါ ဆင်းရဲပင်ပန်းကြရသည်။ သီလ၊ သမာဓိ၊ ပညာနှင့်မေတ္တာ၏ အပြုစွမ်းအားကြောင့် အများသူငါ သတ္တဝါတို့ ချမ်းသာကြသည်။ အပူအပင်မှ ငြိမ်းအေးကြရသည်။ မိမိကိုယ်တွင် တွယ်ကပ်နေသော လောဘ၊ ဒေါသ၊ မောဟတို့ကို ထိန်းချုပ်နိုင်သမျှ ထိန်းချုပ်နိုင်လေလေ လူ့လောကတွင် ကြုံတွေ့နိုင်သော ပြဿနာနည်းပါးလေလေ ဖြစ်သည်။ ထိုလောဘ၊ ဒေါသ၊ မောဟတရားတို့ကို ထိန်းချုပ်နိုင်သော တစ်ခုတည်းသော နည်းလမ်းမှာ တွေ့ကြုံ၊ ခံစားရသမျှကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ ခံယူပြီး သည်းခံခြင်း တည်းဟူသော ခန္တီတရားလက်ကိုင်ထား၍ လက်တွေ့ကျင့်သုံးကာ မေတ္တာဘာဝနာ ပွားများခြင်းပင် ဖြစ်သည်။

မေတ္တာတရားဟူသည်ကို ဖွင့်ဆိုကြရာတွင် ဘုရားဟော "မေတ္တသုတ်ဒေသနာတော်"တွင်ပါသည့်အတိုင်း "မြင်းမိုရ်တောင်ဦး မကကျူးသည့် ကျေးဖူးဂုဏ်ရှင်၊ မွေးသမိခင်သည် မိမိရင်နှစ်သည်းချာ သားအရင်းဖြစ်သော အရေထူ အရေပါး၊ အသားကိုဖောက်၊ အရိုးရောက်အောင်၊ မြားမြောက်ခင်တွယ် တစ်ယောက်တည်းသော သားငယ်ကို သင့်အတွက်ကြောင့် နို့ချိုတိုက်ကျွေး၊ ပိုက်ထွေးယုယ၊ နေ့ညမသွေ စောင့်ရှောက်လေသကဲ့သို့ ပမာမခြား ထိုအလားသာလျှင် ခပ်သိမ်းရှိသမျှသော သတ္တဝါတို့သည် အတိုင်းအရှည်ကင်းပ များပြားလှစွာသော ထွေထွေယိုဖိတ်မေတ္တာစိတ်ကို ပွားများစေကုန်သတည်း"ဟူသည့်အတိုင်း ကျင့်သုံးအပ်ပေသည်။

**မေတ္တာပွားများနည်း**

လူသားတို့ အချစ်ဆုံးမှာ မိမိကိုယ်သာဖြစ်သည်။ ထို့ကြောင့် မေတ္တာတရားပွားများရာတွင်လည်း မိမိကိုယ်ကို မဏ္ဍိုင်ပြု၍ မိမိကဲ့သို့ သတ္တဝါများ၊ ချမ်းသာပါစေ၊ ဆင်းရဲခြင်းကင်းပါစေ၊ စိုးရိမ်မှုကင်းပါစေ စသည်ဖြင့် အရပ်ဆယ်မျက်နှာသို့ ဖြန့်ကျက်၍ ပွားများကြရသည်။ ဆရာတော်ကြီးများ၏ နည်းပေးလမ်းပြဟောကြားချက်များ အရ-

"အရှေ့အရပ်၌ရှိသော အနန္တစကြဝဠာအနန္တ သတ္တဝါတို့ ဘေးရန်ခပ်သိမ်း၊ ငြိမ်းကြပါစေ၊ ဒေါသခပ်သိမ်းငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်းငြိမ်းကြပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ"ဟူ၍ အရှေ့အရပ်၊ အနောက်အရပ်၊ တောင်အရပ်၊ မြောက်အရပ်၊ အနောက်တောင်အရပ်၊ အနောက်မြောက်အရပ်၊ အရှေ့မြောက်အရပ်၊ အရှေ့တောင်အရပ်၊ အောက်အရပ်၊ အထက်အရပ် စသည်ဖြင့် မေတ္တာပို့ကြရသည်။ ဤသို့ အရပ်စုံမေတ္တာပို့ပါက သတ္တလောကတစ်ခုလုံးကို ခြုံငုံမိသည့် မေတ္တာပို့ရာ ရောက်ပေသည်။

**မေတ္တာအကျိုး ၁၁ ပါး**

မေတ္တာပို့သည့် ကောင်းမှုသည် ကောင်းကျိုး ၁၁ ပါး ရစေသည်ဟု ဟောကြားထားသည်။ သို့ဖြစ်၍ မေတ္တာပို့သသူသည်-

(၁) မေတ္တာစိတ်ထားရှိခြင်း၊ မေတ္တာပို့သခြင်းဖြင့် ချမ်းချမ်းသာသာ အိပ်ပျော်သည်။

(၂) ကိုယ်တွင်ဖောက်ပြန်မှုမရှိဘဲ၊ ချမ်းချမ်းသာသာဖြင့် အိပ်ရာမှ နိုးထသည်။

(၃) အိပ်ပျော်နေစဉ် အိပ်မက်ကောင်းများသာ မြင်မက်နိုင်ပြီး ယုတ်ညံ့ရွံ့မုန်း ကြောက်လန့်ဖွယ် အိပ်မက်များ မမြင်မက်နိုင်ပေ။

(၄) မိမိအား လူအပေါင်းက ချစ်ခင်မြတ်နိုးစေသည်။

(၅) နတ်များကလည်း ချစ်ခင်ကြသည်။

(၆) မိဘက သားသမီးများကို စောင့်ရှောက်သကဲ့သို့ နတ်များကလည်း မေတ္တာပွားများသူကို စောင့်ရှောက်ကြသည်။

(၇) မေတ္တာပွားများသူကို မီး၊ အဆိပ်၊ လက်နက်တို့၏ ဘေးရန်မကျရောက်ကုန်။

(၈) မေတ္တာတရားပွားများသူသည် စိတ်တည်ငြိမ်လွယ်ပြီး သမာဓိဖြစ်လွယ်သည်။

(၉) မျက်နှာကို ထာဝရကြည်လင်ဝင်းပစေသည်။

(၁၀) အိပ်ပျော်သွားသကဲ့သို့ မတွေဝေ မပင်ပန်းဘဲ ကွယ်လွန်စေသည်။

(၁၁) နိဗ္ဗာန်မရသေးမီကာလ ယခု လူ့ဘဝကွယ်လွန်ပြီးနောက် ဗြဟ္မာပြည်သို့ ရောက်ရသည်။

**မေတ္တာအခါတော်နေ့**

ဗုဒ္ဓဘာသာဝင်တို့၏ အခါတော်နေ့ကြီး ၁၃ နေ့အကြောင်း ရေးသားစီရင်တော်မူသော ရှင်ပညာသာမိ(မာဂဓီ-သာစည်)၏ ကျမ်းတွင် ဝါခေါင်လပြည့်နေ့ကို "မေတ္တာအခါတော်နေ့"ဟူ၍ ဖော်ပြထားသည်။ ဂေါတမမြတ်စွာဘုရားရှင်က ဝါခေါင်လပြည့်နေ့ အခါသမယတွင် "မေတ္တသုတ် ဒေသနာတော်"ကို ထူးခြားစွာ ဟောကြားခဲ့၍ဖြစ်သည်။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရဟန်း ငါးရာတို့သည် မြတ်စွာဘုရားထံတွင် ကမ္မဋ္ဌာန်းတရားနာယူသည်။ မြတ်စွာဘုရားက ရဟန်းငါးရာအား ဟိမဝန္တာတောနှင့် တစ်စပ်တည်းရှိသော တောကြီးထဲ၌ ဝါတွင်းကာလ ဝါဆိုဝါကပ်ရင်း ကမ္မဋ္ဌာန်းတရား ကြိုးစားအားထုတ်ကြရန် စေလွှတ်ခဲ့သည်။ ရဟန်းတို့လည်း ထိုတောအုပ်ကြီးထဲ သွားရောက်ကြပြီး သစ်ပင်ခြေရင်းတွင် သီတင်းသုံးကာ ကမ္မဋ္ဌာန်းတရား စီးဖြန်းကြသည်။ ဝါဆိုကြသည်။ ထိုအခါ ဘုရားရှင်၏ တရားတော်များ ရွတ်ဖတ်သီတင်းသုံးနေကြသော ရဟန်းတို့ကြောင့် သစ်ပင်ထက်ဘုံဗိမာန်တွင် စံနေကြသော ရုက္ခစိုးနတ်တို့သည် အထက်တွင် စံနေ၍ မဖြစ်နိုင်သောကြောင့် မြေသို့ဆက်၍ သွားလာနေကြသည်။ ထိုအခါ ရုက္ခစိုးတို့အချင်းချင်း တိုင်ပင်ကာ မိမိတို့မှာ ပင်ပန်းလှပြီဖြစ်၍ ရဟန်းများ မနေနိုင်အောင် တရားမကျင့်နိုင်အောင် အမျိုးမျိုး နှောင့်ယှက်ကြသည်။ ရဟန်းတို့လည်း တည်ငြိမ်အေးချမ်းမှုမရှိသည့် တောအကြောင်းကို ဘုရားရှင်ထံ ပြန်၍ လျှောက်ထားကြတော့သည်။ မြတ်စွာဘုရားက ရဟန်းငါးရာတို့အား "ရဟန်းတို့ မစိုးရိမ်ကြကုန်လင့်"ဟု မိန့်ကြားကာ "မေတ္တသုတ်ဒေသနာတော်"ကို ဟောကြားချီးမြှင့်သည်။ ထို့နောက် ထိုတောအုပ်သို့ပင် ပြန်စေပြီး မေတ္တသုတ်ကို ရွတ်၍ တရားကျင့်ရန် ညွှန်ပြတော့သည်။ ရဟန်းတို့လည်း ယခင်တောအုပ်ကြီးထဲ ပြန်ကြွကြပြီး မေတ္တသုတ်ရွတ်ဆို၍ တောတွင်းဝင်သည့်အခါ ရုက္ခစိုးတို့သည် ယခင်ကဲ့သို့ နှောင့်ယှက်ခြင်းမရှိသည်သာမက ခရီးဦးကြိုပြုခြင်း၊ သင်္ကန်းပရိက္ခရာများ ကူညီယူငင်ခြင်း စသည့် ခရီးဦးကြိုဆိုမှုပင် ပြုကြသည်။ ရဟန်းငါးရာသည်လည်း ကမ္မဋ္ဌာန်းတရား ကောင်းစွာအားထုတ်နိုင်သည်ဖြစ်၍ ဝါကျွတ်သည့်အခါ ရဟန်းအားလုံး ရဟန္တာချည်းဖြစ်ကုန်သည်ဟု ဆိုသည်။ သို့ဖြစ်၍ ဝါခေါင်လပြည့်နေ့တွင် ယနေ့ခေတ်တိုင် "မေတ္တာအခါတော်နေ့"အပြင် "မေတ္တသုတ်ဒေသနာတော်" ကို ရွတ်ဖတ်ပွဲများ ကျင်းပလျက်ရှိကြခြင်း ဖြစ်သည်။

**မေတ္တာအစွမ်း ကမ္ဘာလွှမ်း**

ကမ္ဘာပေါ်ရှိ လူသားတစ်ဦးကိုဖြစ်စေ၊ ကျွန်ုပ်တို့ မြန်မာနိုင်ငံရှိ နိုင်ငံသားတစ်ဦးကိုဖြစ်စေ စိတ်ရင်းအမှန်အတိုင်း ပြောဆိုစေပါက "ငြိမ်းချမ်းရေး"ကို ရချင် လိုချင်သူများ ဖြစ်သည်ကို တွေ့ကြရပေမည်။ ယနေ့ ကမ္ဘာ့အနှံ့ ကပ်ဆိုက်သည့်အလား ဒုက္ခအမျိုးမျိုးအဖုံဖုံတို့သည် ပင်ရင်းလောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန လွှမ်းကဲကြသဖြင့် ဖြစ်ပွားနေကြရခြင်းပင် ဖြစ်သည်။ ထို လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတို့ကို တတ်နိုင်သမျှ နည်းပါးအောင် မိမိတို့ကိုယ်၌က ပြုပြင်ကျင့်သုံးကြမှသာ ဒုက္ခမှန်သမျှ လျော့ပါး၊ ကင်းပျောက်ပေလိမ့်မည်။

ထို လောဘ၊ ဒေါသ၊ မောဟတရားများ အထိုက်အလျောက် လျော့ပါးသွားရေး နည်းလမ်းကောင်းမှာ မြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာမြတ်ဖြစ်သည့် "မေတ္တာတရားပွားများကြရန်"သာ ဖြစ်သည်။

သို့ဖြစ်၍ ဤဝါခေါင်လ အခါသမယတွင် **'မေတ္တာအစွမ်း၊ ကမ္ဘာလွှမ်း၊ ငြိမ်းချမ်းကြပါစေ'** ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၃၈၈၉၄ ဧက စိုက်ပျိုးပြီးစီး

**ရမည်းသင်း ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံရာသီ၌ ငရုတ်စိုက်ဧက ၃၈၈၉၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ မြို့နယ်တွင် ယခုနှစ် မိုးသီးနှံရာသီ၌ ငရုတ်သီးနှံ လျာထား ဧက ၃၇၅၀၀ ကို မေလနောက်ဆုံးပတ်မှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့အချိန်ထိ ငရုတ်စိုက်ပျိုးပြီးဧကသည် ၃၈၈၉၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ပြီး လျာထားဧကများထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။

"ဒီနှစ် မိုးသီးနှံစိုက်တဲ့ကာလမှာ စားဖိုဆောင်သီးနှံ ငရုတ် လျာထားဧက ၃၇၅၀၀ ကို စိုက်ပျိုးဆောင်ရွက်သွားမှာပါ။ လက်ရှိမှာတော့ ငရုတ်စိုက်ပျိုးပြီးဧက ၃၈၈၉၄ ဧက စိုက်ပြီးနေပါပြီ။ မိုးမှာတော့ စားဖိုဆောင်သီးနှံ အနေနဲ့ ငရုတ်တစ်မျိုးတည်းကိုပဲ စိုက်ပျိုးသွားမှာပါ။ ကျန်တဲ့ သီးနှံတွေ စိုက်ပျိုးတာမပါသေးပါဘူး။ စားဖိုဆောင်သီးနှံတွေ စိုက်ပျိုး တဲ့အတွက် မိသားစုဝင်ငွေ တိုးလာမယ့်အပြင် အခြားဒေသကနေလည်း သီးနှံတွေ တင်သွင်းရောင်းချစရာမလိုတော့မှာဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့ အသီးအနှံတွေကလည်း ပိုးမွှားအန္တရာယ်ကင်းရှင်းပါတယ်။ စားဖိုဆောင် သီးနှံတွေ လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ဖို့ အတွက် မျိုးစေ့နဲ့ ဈေးကွက်ဝင်သီးနှံတွေ နည်းပညာတွေနဲ့ အခြား ပံ့ပိုးမှုတွေကို ဌာနကနေ ဆောင်ရွက်ပေးပါတယ်"ဟု ၎င်းက ရှင်းပြသည်။ **(ယာပုံ)**

အဆိုပါ စားဖိုဆောင်သီးနှံ ငရုတ်ကို ၃၇၅၀၀ ဧကလျာထားပြီး စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း ထိုသို့ စိုက်ပျိုးထားသည့်အတွက် ဒေသထွက်ကုန်သီးနှံများကိုသာ ရောင်းချနိုင်ပြီး မိသားစုဝင်ငွေများ တိုးပွားစေကာ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာစေမည်ဖြစ်ကြောင်း ယင်းမြို့နယ်တွင် ယခုနှစ်စားဖိုဆောင်သီးနှံ စိုက်ပျိုးရာ၌ မရှိမဖြစ် အသုံးဝင်သည့် သီးနှံဖြစ်သောငရုတ်ကို စိုက်ပျိုးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၀၇၃)



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Celine Dion ဒုတိယမွေးရပ်မြေ ပြင်သစ်အတွက် တာဝန်ကျေခဲ့

ကမ္ဘာကျော်အဆိုတော် စလင်းဒီယွန်သည် ကနေဒါနိုင်ငံတွင် မွေးဖွား၍ ပြင်သစ်တွင် ကြီးပြင်းခဲ့ကာ မိခင်ဘာသာစကားမှာ ပြင်သစ်ဖြစ်ပြီး အင်္ဂလိပ်စကားမှာ ဒုတိယဘာသာစကားဖြစ်ခဲ့ကာ ဒုတိယမွေးရပ်မြေ ပြင်သစ်အတွက် တာဝန်ကျေပွန်ခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



စလင်းဒီယွန်သည် မွေးချင်း ၁၄ ယောက်တွင် အငယ်ဆုံးဖြစ်ပြီး ကနေဒါတွင် ပြင်သစ်အခွေများ ဦးစွာထုတ်ခဲ့ကာ ၁၉၈၈ ခုနှစ် Eurovison ပြိုင်ပွဲတွင် ဆွစ်ဇလန်နိုင်ငံအတွက် ကိုယ်စားပြု ပြင်သစ်သီချင်းနှင့် ဝင်ပြိုင်ခဲ့ပြီး အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲအပြီး Sony Music Records က စာချုပ်ခဲ့ကာ ၁၉၉၀ ပြည့်နှစ် တစ်နှစ်တည်းတွင် ကိုလံဘီယာက အမျိုးသမီးအဆိုတော်သစ်နှစ်ယောက် ပွဲထုတ်ခဲ့ရာ စလင်းဒီယွန်၏ Unison နှင့် မိုင်လေဆိုင်းရပ်စ်၏ Mariah Carey တို့ဖြစ်ပြီး သမိုင်းစံချိန်တင်နိုင်ခဲ့ကြသည်။

စလင်းဒီယွန်သည် မွေးရပ်မြေ ကနေဒါနှင့် ပြင်သစ်တွင် ရောင်းအားအကောင်းဆုံး အမျိုးသမီးအဆိုတော်ဖြစ်ခဲ့ကာ ကျန်းမာရေးပြန်လည်ကောင်းမွန်စမှာပင် တစ်ကျော့ပြန် စင်ပေါ်တက်၍ ၂၀၂၄ အိုလံပစ်ပွဲရစ်တွင် မွေးရပ်မြေအတွက် တာဝန်ကျေခဲ့သူဖြစ်သည်။ (SKY)



## လူ့အူအတွင်းရှိ ပိုးမွှားများ နမူနာရယူရန်အတွက် အမေရိကန်ပညာရှင်များ နည်းလမ်းသစ်တီထွင်

အူလမ်းကြောင်းဆိုင်ရာ ကျန်းမာရေးချို့ယွင်းမှုကို ကုသရာတွင် သက်ဆိုင်ရာအထူးကုများအနေဖြင့် အူအတွင်းဖြစ်ပျက်နေသော အခြေအနေများကို ကောင်းစွာနားလည်ရမည်ဖြစ်သည်။

ဝမ်းပိုက်အတွင်း ခွေခေါက်ပြီးရှိနေသော အူလမ်းကြောင်းထဲသို့ ကြည့်ရှုနိုင်ရန် နည်းလမ်းများရှိပြီဖြစ်သော်လည်း အထဲရှိ ဘက်တီးရီးယားများအကြောင်း သိနားလည်ရန် ခက်ခဲနေခဲ့သည်။

ယင်းအခက်အခဲကို ကျော်လွှားနိုင်ရန် အမေရိကန်ပြည်ထောင်စု မန်ဆာချူးဆက်ပြည်နယ် တပ်ဖ်စ်တက္ကသိုလ် နာနိုဓာတ်ခွဲခန်းမှ ပါမောက္ခဆမီးရ်ဆွန်ကူဆာလေ ဦးဆောင်သော သိပ္ပံပညာရှင်များ မကြာသေးမီက နည်းလမ်းသစ်တီထွင်ခဲ့ကြသည်။

ထိုနည်းလမ်းမှာ ဆေးတောင့်ရှည်ကဲ့သို့ ဗိုက်ထဲသို့ မျိုချရသော ကိရိယာဖြင့် ထောက်လှမ်းသော နည်းဖြစ်ကြောင်းသိရသည်။(SCI)

## Jessi နှင့် Lee Hyori ကို အလုပ်တွဲလုပ်ရန် ကြောက်ခဲ့သူမှာ နိုင်ငံအချစ်တော် အမ်စီဖြစ်

နိုင်ငံအချစ်တော်အမ်စီအဖြစ် သတ်မှတ်ခံထားရသည့် ယူရေျဆွတ်သည် ရသစုံအစီအစဉ် များစွာတွင် ပါဝင်ထားပြီး ဟစ်ဟော့ပ်အဆိုတော် ဂျက်ဆီနှင့် လီဟိုရီကို အတူတွဲလုပ်ရန် ကြောက်ခဲ့သည်ဟု ထုတ်ဖော်ပြောကြားထားသည်။



ယူရေျဆွတ်သည် ယင်းအဆိုတော်နှစ်ဦးနှင့် ရသစုံအစီအစဉ်တွင် အတူတွဲလုပ်ရာ၌ အလွန်စဉ်းစားခဲ့ရသည်ဟုဆိုကာ မောင်နှမဆက်ဆံရေးရှိပြီး တစ်ဦးအပေါ်တစ်ဦးလည်း လေးစားမှုရှိခဲ့ကြသည်ဟု ရင်ဖွင့်ထားသည်။

အခြားသူများနှင့်အတူပါဝင်လျှင် ထိန်းနိုင်သော်လည်း ဂျက်ဆီနှင့် လီဟိုရီမှာ ရိုက်ကူးရေးစသည်နှင့် ထိန်းမရသိမ်းမရ၊ ပြောသမျှလည်း လက်မခံ၊ ဘာကြောင့်လဲဟူသောမေးခွန်းနှင့် တစ်ချက်ချင်းစီ ပြန်ပြောခဲ့သဖြင့် သူမနိုင်ဖြစ်ခဲ့ကာ တွဲမလုပ်ချင်သည်မဟုတ်ဘဲ သူတို့နှစ်ဦးကို ကြောက်ခဲ့သည်ဟု ပြောကြားထားသည်။ (SKY)

## Twice ၏ဂျပန်သီချင်း DIVE ဂီတအယ်လ်ဘမ် ကျော်ကြားမှုရရှိထား

အမျိုးသမီးကေပေါ့ပ်အဖွဲ့ဝင် ကိုးဦးနှင့် တွိုက်အဖွဲ့၏ ဂျပန်သီချင်း DIVE သည် ကျော်ကြားသော ဂီတအယ်လ်ဘမ်ဖြစ်ခဲ့ပြီး အင်္ဂလန်အယ်လ်ဘမ် ဒေါင်းလုပ်ချပ်တွင်တင်ခဲ့ရာမှ နံပါတ်၂၅ နေရာရရှိထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင်ဖော်ပြသည်။

Twice အဖွဲ့ဝင်များ၏ ပထမဆုံးဂျပန်သီချင်းဖြစ်သည့် DIVE မှာ ဂျပန်နိုင်ငံ၏ Main Streaming Platform တွင် နံပါတ်တစ်နေရာရရှိထားကာ၊ UK Albums Download Chart တွင် ပွဲထွက်ခဲ့ပြီး နံပါတ် ၂၅ နေရာ ရရှိထားသည်။

Twice အဖွဲ့ဝင်များက ဂျပန်သီချင်းနှင့် တစ်မျိုးဆန်းသစ်သော ဂီတကို ဖန်တီးထားရာ ယခင်သီချင်းများထက်ပို၍ ကျော်ကြားမှုနှင့်အတူ အောင်မြင်မှုများစွာ ရရှိထားသည်။

(SKY)




## Kill ရုပ်ရှင်ရုံမတင်မီပင် ပြန်ရိုက်ရန် ကမ်းလှမ်းခံရ

ဘောလီဝုဒ်ရုပ်ရှင်ဇာတ်ကား Kill ကို ရုံမတင်မီပင် ဟောလီဝုဒ်အနုပညာလောကမှ ပြန်ရိုက်ရန် ကမ်းလှမ်းခံခဲ့ရသည်ဟု ဘောလီဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

၂၀၂၄ ခုနှစ်၏ အကြမ်းဆုံးအက်ရှင်ဇာတ်ကားအဖြစ် သတ်မှတ်ခံရသည့် Kill မှာ ဘောလီဝုဒ်ရုပ်ရှင်ဖြစ်ပြီး ဟောလီဝုဒ်က ပြန်ရိုက်ရန် ရုံမတင်မီကပင် ကမ်းလှမ်းထားသည်။

အဆိုပါရုပ်ရှင်မှာ အက်ရှင်ဇာတ်ကြမ်းကားဖြစ်ပြီး ချစ်သူစေ့စပ်မည့်သတင်းကြား၍ အပြေးလာခဲ့သော ကွန်မန်ဒိုလူငယ်လေးတစ်ဦးက ချစ်သူဖခင်၏ အာဏာကြီးမားမှုကြောင့် ခိုးရာလိုက်ရန် စီစဉ်ထားကြသည်။

ချစ်သူကို အမြန်ရရန်အတွက် ဒေလီရထားပေါ်တွင်ပါသွားသည့် ချစ်သူနောက်လိုက်ခဲ့ရာမှ ဘူတာရောက်ရန် နှစ်နာရီအလို ဓားပြတိုက်ခံရကာ ဓားပြ ၄၀ နှင့် လူငယ်နှစ်ဦး ရင်ဆိုင်ခဲ့ကြသည်။

ဓားပြဗိုလ်က ချစ်သူကို သူဌေးသမီးမှန်းသိ၍ ငွေတွင်းတူးရန် ကြံစည်ရာမှ ဓားပြအယောက် ၄၀ နှင့် ကွန်မန်ဒိုတို့နှစ်ဦး ထိပ်တိုက်ဆုံတွေ့ကြပုံကို ရိုက်ကူးတင်ဆက်ထားသည်။ (SKY)

## Xiao Zhan ကို အသရေဖျက်စော်ကားပြောဆိုမှုများအတွက် Shanghai Jiuze Lawfirm တာဝန်ယူ

တရုတ်အနုပညာရှင် ရှောင်းကျန့်ကို အသရေဖျက်စော်ကားပြောဆိုသည့်အကြောင်းများ ဖြန့်ဝေနေ၍ ဂုဏ်သိက္ခာထိပါးမှုအတွက် အွန်လိုင်းအသုံးပြုသူများကို စုံစမ်းစစ်ဆေး၍ တရားစွဲရန် ရှောင်းကျန့်နှင့် ရှောင်းကျန့် စတူဒီယိုက အပ်နှံထားမှုအပေါ် Shanghai Jiuze Lawfirm က တာဝန်ယူလက်ခံထားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါကိစ္စနှင့်ပတ်သက်၍ ဝိန်ဘိုသုံးစွဲသူနှစ်ဦး၏ နာမည်အစစ်အမှန်အချက်အလက်များကို ဥပဒေနှင့်အညီ ရရှိထားပြီး တရားစွဲဆိုမှုကို တရားရုံးသို့ တင်လျှောက်ရန် ပြင်ဆင်နေကာ နောက်ထပ်ဝိန်ဘိုသုံးစွဲသူလေးဦးနှင့် အခြား အင်တာနက်သုံးစွဲသူများ သတင်းအချက်အလက်မှားယွင်းမှုကို လုပ်ကြံပြောဆိုသူများနှင့်ပတ်သက်၍လည်း သတင်းအချက်အလက် စုဆောင်းနေပြီး အမြန်ဆုံး တရားရုံးတွင် တရားစွဲဆို၍ ဥပဒေဘောင်အတွင်းမှ လုပ်ဆောင်သွားမည်ဟု ရှေ့နေတံဆိပ်တုံးနှင့် ရှေ့နေရုံးချုပ်တွင် တင်ပြထားသည်။ (SKY)

## Shah Rukh Khan က သူငယ်ချင်းမိခင်နာရေးကို သွားရောက်ဂါရဝပြု



ဘောလီဝုဒ်အနုပညာရှင် ရှာရွတ်ခန်သည် သူငယ်ချင်းဖြစ်သူ ရင်းနှီးသောမိတ်ဆွေ ဖာရန်ခန်၏ မိခင်ကွယ်လွန်သွား၍ နေအိမ်သို့ သွားရောက်ဂါရဝပြုခဲ့သည်ဟု ဘောလီဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

ရှာရွတ်ခန်၏ အနုပညာ မိတ်ဆွေ ဖာရန်ခန်းမှာ Main Houn Na, Om ShantiOm နှင့် Happy New Year တို့ကို ရိုက်ကူးပေးခဲ့သည့် ဒါရိုက်တာလည်း ဖြစ်သည်။

ရှာရွတ်ခန်သည် လူမြင်ကွင်းမှ ပျောက်ကွယ်နေရာမှ အရင်းနှီးဆုံးသူငယ်ချင်းမိတ်ဆွေ၏မိခင်နာရေးအိမ်သို့ သွားရောက်ဂါရဝပြုခဲ့သည်ကို တွေ့ကြရ၍ ပရိသတ်များက ရှာရွတ်ခန်ကို လူငယ်စတိုင်လ်နှင့် အိတ်လွယ်ထားပုံကြောင့် စိတ်ဝင်တစားရှိခဲ့ကြသည်။

(SKY)

# ဒေါ်လာသန်း ၈ သိန်းကျော် ပင်စင်အသုံးစရိတ်မူဝါဒ တောင်ကိုရီးယားသမ္မတ ယွန်း ပြုပြင်ပြောင်းလဲလို



**ဆိုးလ် ဩဂုတ် ၂၉**

အမေရိကန်ဒေါ်လာ သန်း ၈ သိန်းကျော်ရှိနေပြီဖြစ်သော ပင်စင်အသုံးစရိတ်ဆိုင်ရာမူဝါဒ ကို အရေးပေါ် ပြုပြင်ပြောင်းလဲရန် လိုအပ်နေပြီဟု တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယွူးလ် က ဩဂုတ် ၂၉ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၁၉၈၈ ခုနှစ်မှ စတင်သတ်မှတ်ခဲ့သော တောင်ကိုရီးယားနိုင်ငံ၏ ပင်စင်အသုံးစရိတ်ရန်ပုံငွေ ပမာဏသည် ယခုအခါ ဝမ်ငွေဖြင့် တွက်ချက်လျှင် ၁၁၃ ဒသမ ၅ ထရီလီယမ် ရှိနေပြီဟု ဆိုသည်။

ထိုပင်စင်အသုံးစရိတ်ရန်ပုံငွေသည် ကမ္ဘာ့တတိယအကြီးဆုံး ပမာဏအထိ ရောက်ရှိနေပြီဖြစ်သော်လည်း ဝန်ထမ်းများ ခံစားရရှိနေသော ပမာဏ နည်းပါးလျက်ရှိသဖြင့် အငြိမ်းစားဝန်ထမ်းများ ပင်စင်တိုးမြှင့်ခံစားနိုင်စေရန် ယွန်းက ပြုပြင်ပြောင်းလဲလိုခြင်း ဖြစ်သည်။

အလုပ်သင်ဆရာဝန်များက တစ်ခဲနက် ကန့်ကွက်ခဲ့ကြသည့် ဆေးကျောင်းသားများ တိုးမြှင့်ခေါ်ယူရန် ပြုပြင်ပြောင်းလဲရေး အပြီးတွင် ပြုပြင်ပြောင်းလဲရေး ပုံစံနောက်တစ်မျိုးကို ယွန်း ရွေးချယ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



# တောင်အာရှဒေသ၏ လေထုညစ်ညမ်းမှု ၂၀၂၂ ခုနှစ်တွင် လျော့ကျခဲ့သည်ဟု ဆို

**ဒေလီ ဩဂုတ် ၂၉**

တောင်အာရှဒေသ၏ လေထုညစ်ညမ်းမှု ပမာဏသည် ၂၀၂၂ ခုနှစ်တွင် လျော့ကျခဲ့သည် ဟု အမေရိကန်ပြည်ထောင်စု ချီကာဂိုတက္ကသိုလ် စွမ်းအင်မူဝါဒအဖွဲ့အစည်း၏ အစီရင်ခံစာတွင် ဖော်ပြသည်။

ဂြိုဟ်တုမှ ထောက်လှမ်းသိရှိထားသော အချက်အလက်များ အပေါ်တွင် အခြေခံ၍ အဆိုပါ အစီရင်ခံစာကို တင်သွင်းခြင်း ဖြစ်သည်။

ယခုနောက်ပိုင်းတွင်မှ အိန္ဒိယ အပါအဝင် တောင်အာရှနိုင်ငံများ၌ လေထုညစ်ညမ်းမှု အခြေအနေ ဆိုးရွားမြဲ ဆိုးရွားနေကြောင်း သိရသည်။

**Mon**

0-0-0-0-0




**အမေရိကန်ဘူမိဗေဒပညာရှင် ဒေါက်တာဂျေဆင်ဂူလေးရိုက်ကူးကာ ယခုနှစ်၏ တောရိုင်းတိရစ္ဆာန်ဓာတ်ပုံဆရာဆု ဆွတ်ခူးခဲ့သည့် ရေအောက်ဖျံသားအမိဓာတ်ပုံကို တွေ့ရစဉ်။**

**Mon**



# အာဖရိက ဝက်တုပ်ကွေးကာကွယ်ဆေးများ ဗီယက်နမ်က ဖိလစ်ပိုင်နိုင်ငံသို့ ပို့ပေးမည်

**ဟနွိုင်း ဩဂုတ် ၂၉**

အာဖရိက ဝက်တုပ်ကွေး ကာကွယ်ဆေး အလုံးရေ ၁၅၀၀၀၀ ကို ဗီယက်နမ်က ဖိလစ်ပိုင်နိုင်ငံသို့ ပို့ပေးသွားမည်ဖြစ်ကြောင်း ဗီယက်နမ်အစိုးရ သတင်းဌာနက ဩဂုတ် ၂၈ ရက်တွင် ဖော်ပြသည်။

ဗီယက်နမ်အခြေစိုက် အေဗီအေစီကုမ္ပဏီက ထုတ်လုပ်သော ယင်းကာကွယ်ဆေးများကို ဖိလစ်ပိုင်အစိုးရက အလုံးရေ ၆၀၀၀၀၀ ဝယ်ခဲ့ယူသည်။

ထိုသို့ဝယ်ယူထားသည့် ကာကွယ်ဆေးများအနက်မှ ပထမအသုတ်အဖြစ် ယင်းကာကွယ်ဆေးများ ပို့ပေးမည့်အစီအစဉ် ဖြစ်သည်။

အာဖရိက ဝက်တုပ်ကွေး ရောဂါသည် လူကို ကူးစက်တတ်သောရောဂါ မဟုတ်ဘဲ ဝက်များအကြား ကူးစက်ကာ သေစေနိုင်သဖြင့် မွေးမြူရေးဝက်များကို ကာကွယ်ဆေးထိုးပေးရန် ဖိလစ်ပိုင်အစိုးရက စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



# ရှန်ရှန်ဟု အမည်ရသည့် အင်အားပြင်းတိုင်ဖုန်းမုန်တိုင်း ဂျပန်နိုင်ငံတောင်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့

**တိုကျို ဩဂုတ် ၂၉**

ရှန်ရှန်ဟု အမည်ရသည့် အင်အားပြင်းတိုင်ဖုန်းမုန်တိုင်း ဩဂုတ် ၂၉ ရက်က ဂျပန်နိုင်ငံတောင်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယင်းမုန်တိုင်းကြောင့် လေပြင်းများ တိုက်ခတ်ပြီး မိုးများ သည်းထန်စွာရွာသွန်းရာ လူပေါင်း ၁၀ဖင်နှင့်ချီ၍ ဒဏ်ရာရရှိခဲ့ကြောင်း ကယ်ဆယ်ရေးအဖွဲ့က သတင်းထုတ်ပြန်သည်။

ယခုနှစ်အတွင်း ဂျပန်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်သည့် မုန်တိုင်းများအနက် အင်အားအပြင်းထန်ဆုံးဖြစ်သော ရှန်ရှန်မုန်တိုင်း၏ အပြင်းထန်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၂၅၂ ကီလိုမီတာဖြစ်ကြောင်း ဂျပန်မိုးလေဝသဌာနက အတည်ပြုသည်။

သက်ဆိုင်ရာမုန်တိုင်းပညာရှင်များက ကြိုတင်ခန့်မှန်းသိရှိပြီးဖြစ်သဖြင့် အဓိက ဖြတ်သန်းတိုက်ခတ်မည့် လူဦးရေ ၁၂ ဒသမ ၅သန်း မှီတင်းနေထိုင်သော ကျူးရှူးကျွန်းအပါအဝင် မုန်တိုင်းလမ်းကြောင်းသင့်မည့်ဒေသများ၌ မိုးသည်းထန်၊ ရေကြီး၊ မြေပြိုမှုများ ဖြစ်ပွားနိုင်မည်ဟု သတိပေးထားပြီးဖြစ်ကြောင်း သိရသည်။

**Mon**





# တောမီးများကို မထိန်းချုပ်နိုင်ခဲ့သော ကနေဒါ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု ကမ္ဘာ့စံချိန်တင်

**အော့တဝါ ဩဂုတ် ၂၉**

တောမီးများကို မထိန်းချုပ်နိုင်ခဲ့သော ကနေဒါနိုင်ငံသည် ၂၀၂၃ ခုနှစ်က ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု ကမ္ဘာ့စံချိန်တင်နိုင်ငံများစာရင်းဝင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တရုတ်၊ အမေရိကန်ပြည်ထောင်စု၊ အိန္ဒိယ သုံးနိုင်ငံသည် တစ်ကမ္ဘာလုံး၌ ဖန်လုံအိမ်ဓာတ်ငွေ့ အများဆုံး ထုတ်လွှတ်သည့် နိုင်ငံများဖြစ်ပြီး ကနေဒါက စတုတ္ထမြောက်စံချိန်တင်သော နိုင်ငံ ဖြစ်ခဲ့သည်။

၂၀၂၃ ခုနှစ်တွင် ကနေဒါနိုင်ငံ၌ တောမီးကြောင့် သစ်တောဟက်တာပေါင်း ၁၅ သန်း ပျက်စီးခဲ့ပြီး ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ကမ္ဘာ့စံချိန်တင်စာရင်းဝင်ခဲ့ကြောင်း သိရသည်။

**Mon**

# တယ်လီဂရမ်အမှုဆောင်အရာရှိချုပ် ပါဗဲလ်ဒူရော့ဗ်ကို တရားစွဲရန် ပြင်သစ်ရဲတပ်ဖွဲ့က တရားရုံးသို့ လွှဲပေးမည်

**ပဲရစ် ဩဂုတ် ၂၉**

ရုရှားနိုင်ငံဖွား တယ်လီဂရမ်လူမှုကွန်ရက်၏ အမှုဆောင်အရာရှိချုပ် ပါဗဲလ်ဒူရော့ဗ်ကို တရားစွဲရန် ပြင်သစ်ရဲတပ်ဖွဲ့က တရားရုံးသို့ လွှဲပြောင်းပေးသွားမည်ဖြစ်သည်ဟု ဩဂုတ် ၂၈ ရက်က အတည်ပြုခဲ့ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

ရဲဘက်ဆိုင်ရာ စစ်ဆေးမေးမြန်းမှု ပြုလုပ်ကာ ၄င်း၏ ပဏာမထွက်ဆိုချက် ရယူခဲ့ပြီးနောက် ပြင်သစ်အစိုးရရှေ့နေရုံးက အမှုတည်ဆောက်၍ ပါဗဲလ်ဒူရော့ဗ်ကို ရာဇဝတ်ကြောင်းအရ တရားစွဲဆိုသွားမည်ဟု ဆိုသည်။

ပြင်သစ်တရားဥပဒေအရ ရဲက ထိန်းသိမ်းပြီး ၉၆ နာရီအတွင်း တရားစွဲဆိုရမည်ဖြစ်ရာ ယင်းကာလ စည်းကမ်းသတ်မှတ်ချိန်ကျော်လွန်သည်အထိ တရားမစွဲရသေးပါက ပါဗဲလ်ဒူရော့ဗ်ကို လွှတ်ပေးလိုက်ရမည် ဖြစ်သည်။

၄င်းသည် ရုရှားနှင့် ပြင်သစ်နိုင်ငံသားဖြစ်ရုံသာမက အာရပ်စော်ဘွားများနိုင်ငံသားလည်း ဖြစ်သဖြင့် တရားမျှတမှု ရှိ၊ မရှိ မိမိတို့ဘက်က အနီးကပ်စောင့်ကြည့်နေသည်ဟု အာရပ်စော်ဘွားများနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

**Mon**





## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများဟောပြော၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**စစ်ကိုင်း ဩဂုတ် ၂၉**

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး၊ ယာဉ်မတော်တဆမှုများ လျှော့နည်းစေရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ အခြေခံပညာအထက်တန်းကျောင်းများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၈ ရက် နံနက် ၈ နာရီမှ ၁၀ နာရီအထိ စစ်ကိုင်းမြို့၊ အောင်မြေဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းခန်းမတွင် အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို Grade-12 ရှိ ကိုရင်သီလရှင်နှင့်ကျောင်းသား၊ ကျောင်းသူများအား ဟောပြောသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုအားနည်းခြင်းကြောင့် ယာဉ်မတော်တဆမှုများ နေ့စဉ်ဖြစ်ပွားနေပြီး အသက်များ ဆုံးရှုံးမှုဖြစ်ပေါ်လျက်ရှိရာ လမ်းအသုံးပြုသူများကိုယ်တိုင် ပူးပေါင်းပါဝင်မှသာ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများလျော့နည်းလာမည်ဖြစ်ကြောင်း ပညာပေးဟောပြောပြီး သာမဏေ၊ သီလရှင်နှင့် ကျောင်းသား၊ ကျောင်းသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

ဟောပြောပွဲသို့ ကျောင်းအုပ်ဆရာတော်နှင့် ဆရာ၊ ဆရာမများ၊ Grade-12 မှ ကိုရင်၊ သီလရှင်နှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ဝ၄၅)**

## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေ

**အောင်လံ ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့ချသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာ မြို့မဈေးအတွင်း ဈေးရောင်း၊ဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များအသုံးပြုနိုင်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ယမန်နေ့ နံနက် ၈ နာရီခွဲက ဖြန့်ဝေပေးကြသည်။

အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အပတ်စဉ်တနင်္လာနေ့တိုင်း ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် မသုံးစွဲရေးနှင့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး Campaign များဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၆ ရက်တွင် အဖွဲ့ပိုင် မြို့မဈေးကြီး၌ အဆိုပါ Campaign အား ပြုလုပ်ခဲ့ပြီး အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များ၊ စည်ပင်ကော်မတီများ၊ စုစုပေါင်း ၁၀ ဦးတို့က ပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**မျိုးသိန်း(ပြန်/ဆက်)**



## မိုးရွာသွန်းမှုကြောင့် တည်ပင်ပြိုလဲမှုဖြစ်ပွား အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်း

**မန္တလေး ဩဂုတ်လ ၂၉**

ဩဂုတ် ၂၈ ရက် ညပိုင်းနှင့် ဩဂုတ် ၂၉ရက် နံနက်ပိုင်းတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ လမ်း ၈၀၊ ၆ လမ်းနှင့် ၇လမ်းကြားတွင် သစ်ပင်တစ်ပင်ပြိုလဲ၍ လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့သည်။



အမရဌာနီအရှေ့ရပ်ကွက်၊ ၈၀လမ်း၊ ၆လမ်းနှင့်၇လမ်းကြားတွင် အမြင့်ပေ ၃၀ ၊ လုံးပတ် ၃ ပေခန့်ရှိ တည်ပင်သစ်ပင်တစ်ပင်ပြိုလဲ၍ လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့ရာ ဩဂုတ် ၂၉ ရက် နံနက် ၈နာရီမှစတင်၍ အောင်မြေသာစံမြို့နယ် အရန်မီးသတ်တပ်ရင်း တပ်ခွဲ(၃)မှ တပ်ခွဲမှူး ဇော်ဝင်းအောင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်းဖယ်ရှားပေးခဲ့ရာ နံနက် ၉ နာရီတွင် ဖယ်ရှားရှင်းလင်းနိုင်ခဲ့သည်။ အဆိုပါ သစ်ပင်ပြိုလဲမှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။ **(ဝဲပုံ)**

**(ဝ၉၃)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ရန်ကုန်-မန္တလေးအမြန်လမ်းအနီး အနေးယာဉ်ကြောတွင် ကုန်တင်ယာဉ်နှစ်စီးကျော်တက်စဉ် တိုက်မိ

**နေပြည်တော် ဩဂုတ် ၂၉**

ရန်ကုန်-မန္တလေး အမြန်လမ်းမိုင်တိုင်အမှတ်(၉၂/၀-၁)ကြားတွင် ဩဂုတ် ၂၈ ရက် နံနက် ၅နာရီ မိနစ် ၅၀ခန့်က ယာဉ်မတော်တဆမှုဖြစ်ပွားကြောင်း သတင်းအရ မြို့ချောင်း အမြန်လမ်း မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းရဲတပ်ဖွဲ့ဝင်များက သွားရောက်ကူညီဆောင်ရွက်ပေးကြသည်။

ဖြစ်စဉ်မှာ နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသော Hino Ranger အမျိုးအစား ခြောက်ဘီးကုန်တင်ယာဉ်မှာ အနေးယာဉ်ကြောမှ မောင်းနှင်လာစဉ် လားရာတူနောက်မှ မောင်းနှင်လာသော Nissan Ciondor အမျိုးအစား ခြောက်ဘီး ကုန်တင်ယာဉ်မှ ကျော်တက်စဉ် ရှေ့မှ မောင်းနှင်နေသော Hino Ranger အမျိုးအစား ခြောက်ဘီးကုန်တင်ယာဉ်၏ နောက်ဝဲဘက်ခြမ်းအား ဝင်ရောက်တိုက်မိပြီး ယာဉ်နှစ်စီးလုံးလမ်း၏ ယာဘက်မြေသားလမ်းပေါ်တွင် ရပ်တန့်သွားသည်။

ယာဉ်မတော်တဆမှုကြောင့် Hino Ranger ယာဉ်ပေါ်ပါ အမျိုးသားနှစ်ဦး ထိခိုက်မှုမရှိဘဲ Nissan Condor ယာဉ်ပေါ်ပါ အမျိုးသားနှစ်ဦးအနက် အမျိုးသားတစ်ဦး သေဆုံးပြီး တစ်ဦးမှာ မစိုးရိမ်ရဒဏ်ရာရရှိခဲ့သဖြင့် မြို့ချောင်းတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကူညီပေးကြကြောင်း သိရသည်။ **(အောက်ဝဲပုံ)**

**(ဝ၄၅)**



## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မှမန္တလေးသို့ မောင်းနှင်လာသောယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၆ မျိုးနှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၇ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အမိုနီယမ်နိုက်ထရိတ် ကီလိုဂရမ် ၈၇၆၀ ကို သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၇ ရက်က မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဆင်ပေါင်ဝဲမြို့နယ်နှင့် မင်းတုန်းမြို့နယ်တို့၌ လိုင်စင်မဲ့ ဆိုင်ကယ်နှစ်စီးကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းတုန်းမြို့နယ်၌ တရားမဝင် အခြားသစ် ၁ ဒသမ ၅၂၁ တန်ကို သစ်တောဥပဒေအရလည်းကောင်း သိမ်းဆည်း အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# ယဉ်ကျေးမှုအမွေအနှစ်များနှင့် မန္တလေးမြို့တော်ကြီးကို ကာကွယ်ရန်၊ စစ်ဘေးမဖြစ်စေရန်အတွက် သံဃာတော်များနှင့် မျိုးချစ်ဒေသခံပြည်သူများက ဆန္ဒထုတ်ဖော်



နေပြည်တော် ဩဂုတ် ၂၉

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ယဉ်ကျေးမှုအမွေအနှစ်များနှင့် မြို့တော်ကြီးကို ကာကွယ်ရန်၊ စစ်ဘေးမဖြစ်စေရန်အတွက် ပြည်သူများ၏ ဆန္ဒထုတ်ဖော်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် ၁၄ လမ်း၊ ၆၃ လမ်းနှင့် ၆၄ လမ်းကြား မန္တလေးတောင်ခြေရှိ ခြသေ့်ကြီးနှစ်ကောင်ရှေ့တွင် သံဃာတော်များနှင့် မျိုးချစ်ဒေသခံပြည်သူများစုပေါင်း၍ ပြုလုပ်ခဲ့ကြသည်။

အဆိုပါဆန္ဒထုတ်ဖော်ပွဲသို့ မန္တလေးမြို့နှင့် အနီးပတ်ဝန်းကျင်များမှ သံဃာတော်များနှင့် မျိုးချစ်ဒေသခံပြည်သူများက မန္တလေးတောင်ခြေရှိခြသေ့်ကြီးနှစ်ကောင်ရှေ့တွင် စုရပ်ပြုလုပ်၍ ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်အပိုင်းသို့ စနစ်တကျ စီတန်းလှည့်လည်ချီတက်၍ ဆန္ဒထုတ်ဖော်ရာ လမ်းတစ်လျှောက်တွင် "ယဉ်ကျေးမှုအမွေအနှစ်များ တည်တံ့ဖို့ ဒို့မန္တလေးသားတွေ စောင့်ရှောက်စို့၊ မန္တလေးမြို့ကြီးမပျက်စီးဖို့ မန်းပြည်သူတွေစည်းလုံးစို့၊ ရာဇဝင်ကောင်းတဲ့ဒို့မန္တလေး ဒို့မျိုးဆက်အတွက် ဆက်ထိန်းပေး၊ အကြမ်းဖက်မှုများ တိုက်ခိုက်ဖို့ မန်းပြည်သူတွေညီကြစို့၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများစည်းလုံးညီညွတ်ရေး ဒို့အရေး၊ မန္တလေးမြို့ကြီး တည်ငြိမ်အေးချမ်းရေး ဒို့အရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး ဒို့အရေး၊ အကြမ်းဖက်မှုမှန်သမျှ ဆန့်ကျင်ကြ"စသည့်ကြွေးကြော်သံများဖြင့် ကြွေးကြော်၍ ပိုစတာများ၊ ဆိုင်းဘုတ်များကိုင်ဆောင်ကာ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၂၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ - ကနှင့် ပုဒ်မ ၅၀၅ - က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Sithu Lin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မဇင်းရပ်ကွက်နေ စည်သူလင်းအား ညနေ ၄ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "aungkoaungko799" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ဖောင်ဇင်းကျေးရွာနေ အောင်သက်နိုင် နှင့် "Aungko2772" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စဉ့်ကိုင်မြို့နယ် ဖောင်ဇင်းကျေးရွာနေ ကျော်မင်းဦးတို့အား ညနေ ၅ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် မြင်းခြံ-နဘူးအိုင်လမ်းပိုင်းတွင် ဖြတ်သန်းသွားလာနေသည့် မော်တော်ယာဉ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဓားပြတိုက်နေကြောင်း သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၉

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် မြင်းခြံ-နဘူးအိုင်လမ်းပိုင်းတွင် ဖြတ်သန်းသွားလာနေသည့်ယာဉ်များအား ဩဂုတ် ၂၇ ရက်တွင် ဓားပြတိုက်လျက်ရှိပြီး ဓားပြတိုက်သူများမှာ ရဲတပ်ဖွဲ့၊ တပ်မတော်နှင့် ပျူစောထီးများဖြစ်ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ယခုလို ဥပဒေမဲ့လုပ်ရပ်မျိုး လုပ်ဆောင်ခြင်းမရှိကြောင်း၊ ယင်းကဲ့သို့ ဥပဒေမဲ့လုပ်ရပ်များအား အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများက လုပ်ဆောင်လေ့ရှိကြောင်း၊ ပြည်သူလူထုအား အမြဲတစေထိခိုက်အောင် ကြံစည်ဆောင်ရွက်နေကြသူများသည် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့၏ လက်ဝေခံပြည်ဖျက်မီဒီယာများသာဖြစ်သည်ကိုလည်း အများပြည်သူများအားလုံးအသိပင်ဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦးထံမှ သိရသည်။ ယခုသတင်းသည် PDF အမည်ခံအကြမ်းဖက်သမားများက ဒေသခံတိုင်းရင်းသားပြည်သူများအား လက်နက်အားကိုးဖြင့် ဆက်ကြေးကောက်ခံခြင်းများ လုပ်ဆောင်လျက်ရှိပြီး မပေးသူများအား အဓမ္မဖမ်းဆီးနှိပ်စက် သတ်ဖြတ်လျက်ရှိသည်ကို ဖုံးကွယ်ရန်အတွက် တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံဖန်တီး ဝါဒဖြန့်ရေးသားခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## မန္တလေးမှ ရန်ကုန်သို့ ထွက်ခွာလာသည့် အမြန်ရထားပေါ်မှ စိတ်ကြွမူးယစ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၂၉**

မန္တလေးမှ ရန်ကုန်သို့ ထွက်ခွာလာသည့် အမှတ်(၁၂)အစုန် လူစီးအမြန်ရထားပေါ်မှ WY စာတန်းပါ စိတ်ကြွမူးယစ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၇ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် မန္တလေးမှ ရန်ကုန်သို့ ထွက်ခွာလာသည့် အမှတ်(၁၂)အစုန် လူစီးအမြန်ရထားသည် ပျဉ်းမနားနှင့် ပြည်ဝင်ဘူတာအကြားရောက်ရှိစဉ် ရထား၏ အထက်တန်းတွဲ(၁) ခုံအမှတ် A-3၊ A-4 ၏ အပေါ်ဘက် ပစ္စည်းတင်စင်နှင့် ထိုင်ခုံ၏ ရှေ့တို့တွင် ကျောပိုးအိတ် နှစ်လုံးနှင့် မြွေရေခွံအိတ်များ ထည့်ထားသည့် ခြင်းနှစ်လုံးတို့ကို ပိုင်ရှင်မဲ့တွေ့ရှိရသဖြင့် မသင်္ကာ၍ ရထားလုံခြုံရေး ရဲတပ်ဖွဲ့နှင့် မြန်မာ့မီးရထား တာဝန်ရှိသူများက စစ်ဆေးခဲ့ရာ WY စာတန်းပါ စိတ်ကြွမူးယစ်ဆေးပြားများ ထည့်ထားသည့် ပလတ်စတစ်အထုပ်ကြီး ၅၀ ကို တွေ့ရှိခဲ့ပြီး အထုပ်ကြီးတစ်ထုပ်အတွင်း၌ အထုပ်ငယ် ငါးထုပ်ပါရှိကာ အထုပ်ငယ် တစ်ထုပ်အတွင်း ဆေးပြား ၇၅၀၀ ခန့်ပါရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

စစ်ဆေးတွေ့ရှိချက်အရ WY စာတန်းပါ စိတ်ကြွမူးယစ်ဆေးပြား ၄၆၁၉၄၅ ပြား(အလေးချိန် ၃၆ ဒသမ ၉၆ ကီလိုဂရမ်) တန်ဖိုးငွေကျပ်သိန်း ၉၀၀၀ ကျော်ခန့်ဖြစ်ပြီး အမှတ်(၁၂)အစုန် လူစီးအမြန်ရထား၏ ထိုင်ခုံဇယားကို စိစစ်ရာ အဆိုပါ ခုံအမှတ် A-3၊ A-4 တို့တွင် သာစည်-ရန်ကုန် ခရီးစဉ်အဖြစ် သန်းဇော်ဦး နိုင်ငံသားစိစစ်ရေးအမှတ်(၈/စလန(နိုင်)၁၃၉၈၁၇)နှင့် စိုင်းသက်အောင် နိုင်ငံသားစိစစ်ရေးအမှတ်(၁၃/တကန(နိုင်)၃၂၁၆၉၆)တို့က ဝယ်ယူထားကြောင်း သိရှိရသဖြင့် ပိုင်ရှင်အား ဆက်လက်စုံစမ်း စစ်ဆေးလျက်ရှိကြောင်းနှင့် အမှုအမှတ်(ပ)၂၀/၂၀၂၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)၊ ၂၀(က)ဖြင့် ပျဉ်းမနား မြို့မရဲစခန်းတွင် အမှုဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အရွယ်မရောက်သေးသည့် ကလေးသူငယ်ကို အဓမ္မအလုပ်ခိုင်းစေပြီး လုပ်အားခများခေါင်းပုံဖြတ် ရယူခဲ့သူများကို အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဩဂုတ် ၂၉

အရွယ်မရောက်သေးသည့် ကလေးသူငယ်ကို အဓမ္မအလုပ်ခိုင်းစေပြီး လုပ်အားခများခေါင်းပုံဖြတ် ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်နေ ဒေါ်ရွှေဇင်ဝင်း(ခ)အိတီမနှင့် ၎င်း၏ သမီးဖြစ်သူ မေသန္တာဝင်းတို့က ရွှေပြည်သာမြို့နယ်နေ မ----၊ ၁၂/၂၀၂၄ နှစ်ကို နေ့စဉ်နံနက် ၅ နာရီမှ ည ၁၂ နာရီထိ ရွှေဂုံတိုင်ကားမှတ်တိုင်အနီးတွင် ပန်းရောင်းရန် ခိုင်းစေခဲ့ပြီး ပန်းရောင်းမကုန်သည့် နေ့များတွင် ရိုက်နှက်ခြင်းများပြုလုပ်၍ အဓမ္မအလုပ်ခိုင်းစေပြီး လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ဗဟန်းမြို့မရဲစခန်း (ပ)၃၉/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ-၃၅ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့သည်။

ကမာရွတ်ခရိုင်တရားရုံးက ဩဂုတ် ၂၇ ရက်တွင် တရားခံ ဒေါ်ရွှေဇင်ဝင်း(ခ)အိတီမနှင့် မေသန္တာဝင်းတို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# နိုင်ငံတကာ အားကစား သတင်းများ

## ဒီပိုင်းအား ခေါ်ယူရန် ဗယ်လက်ကာနိအသင်း စီစဉ်

**မက်ဒရစ် ဩဂုတ် ၂၉**

ဗယ်လက်ကာနိအသင်းသည် အက်သလက်တီကိုမက်ဒရစ် အသင်းနှင့်လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်နေသော တိုက်စစ်မှူး ဒီပိုင်းအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အဆိုပါ တိုက်စစ်မှူးသည် ကစားသမားဘဝတစ်လျှောက်တွင် ပီအက်စ်ဗွီ၊ မန်ချက်စတာယူနိုက်တက်၊ လိုင်ယွန်၊ ဘာစီလိုနာ၊ အက်သလက်တီကိုမက်ဒရစ်စသည့် ကလပ်အသင်းများတွင် ပါဝင်ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဗယ်လက်ကာနိအသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။




ဒီပိုင်းကလည်း ဗယ်လက်ကာနိအသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဗယ်လက်ကာနိအသင်းအနေဖြင့် အသင်းလက်မဲ့ဖြစ်နေသော ဒီပိုင်းအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)



## ဆယ်လ်တာဗီဂိုအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားမည်ဟု မားကို့စ်အလွန်ဆို ပြောကြား

**မက်ဒရစ် ဩဂုတ် ၂၉**

နောက်ခံကစားသမားသစ် မားကို့စ်အလွန်ဆိုက မိမိအနေဖြင့် ဆယ်လ်တာဗီဂိုအသင်းနှင့်အတူ အောင်မြင်မှုများရယူသွားမည် ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါနောက်ခံကစားသမားသည် ဘာစီလိုနာအသင်းနှင့် လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်နေပြီး လက်ရှိဈေးကွက်အတွင်းတွင် ဆယ်လ်တာဗီဂိုအသင်းသို့ ၁နှစ်+၁နှစ် စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

နောက်ခံကစားသမား မားကို့စ်အလွန်ဆိုသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၅ပွဲကစားပြီး ၃ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဆယ်လ်တာဗီဂိုအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ မားကို့စ်အလွန်ဆိုက "ကျွန်တော် ဆယ်လ်တာဗီဂိုအသင်းနဲ့အတူ အောင်မြင်မှုများရရှိအောင် ကြိုးစားသွားမှာပါ။ ဒီအသင်းကို ပြောင်းရွှေ့ခွင့်ရတဲ့အတွက်လည်း အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော်ကို နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(အပေါ်ပုံ)(NGB)

## ဟန်နီဘယ်လ်မစ်ဘရီ ဘန်လေအသင်းတွင် ကျော့နံပါတ် ၂၈ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဩဂုတ် ၂၉**

ကွင်းလယ်ကစားသမား ဟန်နီဘယ်လ်မစ်ဘရီ ဘန်လေအသင်းတွင် ကျောနံပါတ် ၂၈ ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။




အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် မန်ချက်စတာယူနိုက်တက်အသင်းမှ ဘန်လေအသင်းသို့ ၄နှစ်စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဟန်နီဘယ်လ်မစ်ဘရီသည် ပြီးခဲ့သည့် ဘောလုံးရာသီက မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၀ပွဲ ကစားပြီး ၁ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘန်လေအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဘန်လေအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ၁၀ဦးထိ ခေါ်ယူ အားဖြည့်ထားပြီး ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

၀-၀-၀-၀-၀-၀

## နော်ဒီမူခေလေအား တစ်ရာသီအငှားဖြင့် လေဗာကူဆင်အသင်းခေါ်ယူ

**မြူးနစ် ဩဂုတ် ၂၉**

လေဗာကူဆင်အသင်းသည် ပီအက်စ်ဂျီအသင်း နောက်ခံကစားသမားနော်ဒီမူခေလေအား တစ်ရာသီအငှားဖြင့် ခေါ်ယူခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လေဗာကူဆင်အသင်းတွင် ကျောနံပါတ် ၂၃ ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။




နောက်ခံကစားသမား နော်ဒီမူခေလေသည် ပြီးခဲ့သည့် ဘောလုံးရာသီက ပီအက်စ်ဂျီအသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲ ၂၀ ကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လေဗာကူဆင်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

လေဗာကူဆင်အသင်းထုတ်ပြန်ချက်တွင် "နော်ဒီမူခေလေအား အငှားဖြင့် ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း နောက်ထပ်ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။

(အပေါ်ပုံ)

(NGB)




## 2024 US Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ Coco Gauff တက်ရောက်

**နယူးယောက်ခ် ဩဂုတ် ၂၉**

အမေရိကန်နိုင်ငံ၊ နယူးယောက်ခ်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 US Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ အမေရိကန် တင်းနစ်မယ် Coco Gauff တက်ရောက်ခဲ့သည်။

အဆိုပါ အမေရိကန် တင်းနစ်မယ် Coco Gauff သည် 2024 US Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ဂျာမနီတင်းနစ်မယ် Tatjana Maria အား ၆-၄၊ ၆-၀ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2024 US Open တင်းနစ်ပြိုင်ပွဲတတိယအဆင့်တွင် အမေရိကန်တင်းနစ်မယ် Coco Gauff နှင့် ယူကရိန်းတင်းနစ်မယ် Elina Svitolina တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ပုံ)

(NGB)

## ဂူစတာဗိုနူးနက်စ်အား ဘရန့်ဖို့ဒ်အသင်း ၆နှစ်စာချုပ်ဖြင့် ခေါ်ယူ

**လန်ဒန် ဩဂုတ် ၂၉**

ဘရန့်ဖို့ဒ်အသင်းသည် ဂရီမီရိုအသင်း တောင်ပံကစားသမား ဂူစတာဗိုနူးနက်စ်အား ပြောင်းရွှေ့ကြေး ယူရို ၁၂သန်းဖြင့် ၆နှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

(ယာပုံ)

အသက်(၁၈)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဂရီမီရိုအသင်းနှင့်အတူ ၂၀၂၃မှ ၂၀၂၄ ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၄၃ပွဲ ကစားကာ ၇ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘရန့်ဖို့ဒ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဘရန့်ဖို့ဒ်အသင်းထုတ်ပြန်ချက်တွင် "ဂူစတာဗိုနူးနက်စ်အား ခေါ်ယူခဲ့ပါပြီ။ သူဟာ အနာဂတ်မှာ ထွန်းတောက်လာမယ့် ကစားသမားတစ်ဦးဖြစ်လာလိမ့်မယ်လို့လည်းယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း ကစားသမားသစ်တွေ ထပ်မံခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟုထုတ်ပြန်သည်။(NGB)




### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၃၁-၈-၂၀၂၄ စနေနေ့ | နံနက်၀၁း၀၀နာရီ | ယူနီယံဘာလင် - စိန့်ပေါ်လီ<br>(D) (L) | ———— |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၃၀-၈-၂၀၂၄ သောကြာနေ့ | ညဥ၁း၀၀နာရီ | ဗီနီဇီယာ - တိုရီနို<br>(L,D) (D,W) | ဗီနီဇီယာ ၁-၁ တိုရီနို<br>တိုရီနို ၁-၂ ဗီနီဇီယာ |
| ၃၁-၈-၂၀၂၄ စနေနေ့ | နံနက်၀၁း၃၅နာရီ | အင်တာမီလန် - အတ္တလန္တာ<br>(D,W) (W,L) | အင်တာမီလန် ၄-၀ အတ္တလန္တာ<br>အတ္တလန္တာ ၁-၂ အင်တာမီလန် |

### အင်္ဂလိပ် ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၄)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၃၁-၈-၂၀၂၄ စနေနေ့ | နံနက်၀၁း၃၀နာရီ | လူတန် - ကျူပီအာ<br>(L,D,L) (L,D,D) | လူတန် ၃-၁ ကျူပီအာ<br>ကျူပီအာ ၀-၃ လူတန် |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃)ဇယား နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၃၁-၈-၂၀၂၄ စနေနေ့ | နံနက်၀၁း၃၅နာရီ | လိုင်ယွန် - စတာရာဘော့<br>(L,L) (D,W) | လိုင်ယွန် ၂-၁ စတာရာဘော့<br>စတာရာဘော့ ၂-၁ လိုင်ယွန် |

# တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ကျောက်ပန်းတောင်း-ညောင်ဦးကားလမ်းမကြီး လမ်းဘေး ဝဲ၊ ယာ သစ်တောစိုက်ခင်းများ ကြည့်ရှုစစ်ဆေး



**ညောင်ဦး ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျောက်ပန်းတောင်း-ညောင်ဦး ကားလမ်းမကြီး၊ လမ်းဘေး ဝဲ၊ ယာတစ်လျှောက်နှင့် ပုဂံ-ချောက် ကားလမ်းမကြီး လမ်းဘေး ဝဲ၊ ယာတို့တွင် စိုက်ပျိုးထားသည့် စိုက်ခင်းများအား မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဝန်ကြီးဦးရွှေဇင်နှင့် တာဝန်ရှိသူများ ဩဂုတ် ၂၈ ရက် နံနက် ၁၁ နာရီခွဲက ကွင်းဆင်းစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဝန်ကြီးဦးရွှေဇင်နှင့်အဖွဲ့သည် ညောင်ဦး-ကျောက်ပန်းတောင်းကားလမ်းဘေးရှိ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ စိုက်ခင်းနှင့် လမ်းဘေး ဝဲ၊ ယာ စိမ်းလန်းစိုပြည်ရေးသစ်တောစိုက်ခင်းတို့အားကြည့်ရှုစစ်ဆေးခဲ့ပြီး မွန်းလွဲ ၁ နာရီတွင် ရွှေစည်းခုံစေတီတော်အား ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍ ပုဂံ-ချောက်ကားလမ်း၊ ဟိုတယ်ဇုန်(၄)ရှိ လမ်းဘေး ဝဲ၊ ယာ စိမ်းလန်းစိုပြည်ရေး သစ်တောစိုက်ခင်းအား ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် အရှေ့ဖွားစောကျေးရွာမှ ဇယဝေရီကန်အထိ အမာခံမြေသားလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှုနှင့် ထီးလိုမင်းလိုဘုရား ရွှေသင်္ကန်းကပ်လှူပြီးစီးမှု အခြေအနေတို့အား ကြည့်ရှုစစ်ဆေးခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများက အသီးသီးရှင်းလင်းတင်ပြခဲ့သည်။

ညောင်ဦးမြို့နယ် ညောင်ဦး-ကျောက်ပန်းတောင်းကားလမ်းမကြီး လမ်းဘေး ဝဲ၊ ယာ စိမ်းလန်းစိုပြည်ရေး၊ သစ်တောဦးစီးဌာနမှ တမာ၊ ပိတောက်၊ ကုက္ကို၊ ဖျောက်ဆိပ်၊ ယင်းမာ၊ ယူကလစ်၊ ပဲချယ်ရီ၊ မန်ကျည်း၊ ဒဟတ်၊ ညောင်၊ ရေတမာပင် ၅၈၅၀ ပင် စိုက်ပျိုးရှင်သန်နေပြီးဖြစ်ကာ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တမာ၊ သဘော်ကုက္ကို၊ ယူကလစ်၊ မဟော်ဂနီ၊ သစ်ပိတောက်ပျိုးပင်၊ ပုဂံ-ချောက်ကားလမ်း ဟိုတယ်ဇုန်(၄)တို့တွင် ပျိုးပင်များ စိုက်ပျိုးရှင်သန်နေပြီဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၈၁)**

# ၆၂လမ်း၊ ၁၀၇လမ်းနှင့် မနော်ဟာရီလမ်းကြား နိုင်လွန်ကတ္တရာခင်း ပလက်ဖောင်းနှင့် ရေမြောင်းများပြုပြင်

**မန္တလေး ဩဂုတ် ၂၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီကမြို့တော်သန့်ရှင်းသာယာလှပရေးအတွက် စီမံချက်များချမှတ်၍ စီစဉ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ်ပထမပတ်မှစတင်ပြီး မန္တလေးမြို့တောင်မြောက်လမ်းမကြီးဖြစ်သော ၆၂ လမ်း၊ ၃၅လမ်းမှ မနော်ဟာရီလမ်းအထိ လမ်းဘေး ဝဲ၊ ယာ ပလက်ဖောင်းများ အသစ်ပြုလုပ်ခြင်း၊ လမ်းကာတုံးများ အသစ်လဲလှယ်ခြင်း၊ သစ်ပင်ကြီးများ၏ အမြစ်များထိုးဝင်မှုကြောင့် ပျက်စီးနေသောရေမြောင်းများအား အသစ်ပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

မဟာအောင်မြေမြို့နယ်၊ မနော်ရမ္မံကွင်းတွင်လည်း မြို့တော်ညဈေးဖွင့်လှစ်ရေးအတွက် ကွင်းအတွင်း ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းများပြုလုပ်ခြင်း၊ လျှပ်စစ်မီးများ အလှဆင်ခြင်းများ၊ ကွန်ကရစ်ခင်း၍ မနော်ရမ္မံကွင်းရှေ့ပလက်ဖောင်းများ မြှင့်တင်ခြင်း ဆောင်ရွက်လျက်ရှိသည်။

ချမ်းမြသာစည်မြို့နယ်၊ ၆၂ လမ်း၊ ၁၀၇လမ်းနှင့် မနော်ဟာရီလမ်းကြားတွင်လည်း မိုးရာသီ လမ်းပေါ်ရေတင်မှုမရှိစေရေး၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ဩဂုတ်နောက်ဆုံးပတ်မှစတင်၍ ထပ်ပိုးလွှာတင်ပြီး နိုင်လွန်ကတ္တရာခင်းလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၄၅)**

* - * - * - * - *





# (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ခရိုင်အဆင့် ဆုချီးမြှင့်ပွဲကျင်းပ

**အောင်လံ ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့တွင် ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး (ခရိုင်အဆင့်)ပြိုင်ပွဲ အခမ်းအနားကို ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီက အောင်လံမြို့၊ အထက (၁) ရွှေရတုခန်းမ၌ ကျင်းပခဲ့သည်။

ရေးဦးစွာ အောင်လံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းက ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီး တစ်ဦးချင်းပြိုင်ပွဲတွင် အောင်လံခရိုင်အတွင်းရှိ အောင်လံမြို့နယ်၊ ဆင်ပေါင်ဝဲမြို့နယ်တို့မှ အခြေခံပညာ ၁၀-၁၅ အဆင့် မဟာဂီတ အဆိုပြိုင်ပွဲ၊ အခြေခံပညာ ၁၀-၁၅ အဆင့် ခေတ်ဟောင်း၊ ကာလပေါ် အဆိုပြိုင်ပွဲ၊ အခြေခံပညာ ၁၅-၂၀ အဆင့် မဟာဂီတ အဆိုပြိုင်ပွဲ၊ အခြေခံ ပညာ ၁၅-၂၀ အဆင့် တစ်ဦးချင်း စန္ဒရားတီးခတ်ပြိုင်ပွဲ၊ အခြေခံပညာ ၁၅-၂၀ အဆင့် ခေတ်ဟောင်း၊ကာလပေါ် အဆိုပြိုင်ပွဲ၊ အဆင့်မြင့်ပညာအဆင့်(အမျိုးဂုဏ်၊ ဇာတိဂုဏ်)အဆိုပြိုင်ပွဲ၊ ဝါသနာရှင်(ဒု)အဆင့် ခေတ်ဟောင်း၊ကာလပေါ် အဆိုပြိုင်ပွဲ၊ ဝါသနာရှင်(ဒု) အဆင့်(အမျိုးဂုဏ်၊ ဇာတိဂုဏ်) အဆိုပြိုင်ပွဲ စုစုပေါင်း ပြိုင်ပွဲဝင် ၁၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ဆုရရှိကြသူများနှင့် ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးနှင့် ဒိုင်အဖွဲ့တွင် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ဂီတပညာရှင်နှင့် အဖွဲ့ဝင်များကို ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခြင်း၊ အကဲဖြတ်ဒိုင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ ဆုရရှိသူများသည် တိုင်းဒေသကြီး အဆင့်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**အာကာ(ပြန်/ဆက်)**

# စက်တင်ဘာလအတွင်း တောင်သူအကျိုးပြု မိုးရွာသွန်းမှုများ ဖြစ်ပေါ်လာမည်

**မန္တလေး ဩဂုတ် ၂၉**



စက်တင်ဘာလအတွင်း တောင်သူအကျိုးပြု မိုးရွာသွန်းမှုများဖြစ်ပေါ်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလအတွက် လပတ်မိုးလေဝသခန့်မှန်းချက်အနေဖြင့် ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းနှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။

အနောက်တောင်မုတ်သုံလေသည် စက်တင်ဘာ ၁၅ ရက်မှ ၂၀ ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှလည်းကောင်း၊ စက်တင်ဘာ ၂၁ မှ ၂၆ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှလည်းကောင်း၊ စက်တင်ဘာ ၂၇ မှ အောက်တိုဘာ ၂ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း ဆုတ်ခွာနိုင်ဖွယ်ရှိသည်။ စက်တင်ဘာလအတွင်း အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်သည်။

မိုးရွာသွန်းမှုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မိုးရွာသွန်းနိုင်သည့်ရက်များမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင်၂၁ရက်မှ ၂၅ ရက်ခန့်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၀ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၁၁ ရက်မှ ၁၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

ယင်းမိုးရွာသွန်းနိုင်မှုများကြောင့် မိုးရာသီစိုက်သီးနှံများအတွက် အကျိုးများစေသည့် မိုးရွာသွန်းရက်များဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

## သရက်ခရိုင်အဆင့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



**သရက် ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်အဆင့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီက သရက်ခရိုင်ခန်းမ၌ကျင်းပခဲ့ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ခရိုင်အတွင်းရှိ မြို့နယ်များမှ ပြိုင်ပွဲဝင်သူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် သရက်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုမပပျောက်စေရန်၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းတတ်သည့် စိတ်ဓာတ်များရရှိစေရန်နှင့် မြန်မာတို့ရဲ့တူရိယာငါးမျိုးဖြစ်သည့်ကြေး၊ ကြိုး၊ သရေ၊ လေ၊ လက်ခုပ်တို့ကို အစဉ်အဆက် ထိန်းသိမ်းတတ်စေရန်၊ မြန်မာ့၁၂လ ရာသီပွဲတော်များ၊ မြန်မာ့အနုပညာ၊ ဂီတ၊ စာပေတို့ကိုလည်း ရိုးရာဓလေ့စရိုက်မပျက်တိုးတက်စေဖို့ နိုင်ငံသားတိုင်းက ကြိုးစားရမှာဖြစ်ကြောင်း၊ တိုင်းရင်းသားတို့ရဲ့ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်လက္ခဏာများ မပျောက်ပျက်စေရေးအတွက် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ နိုင်ငံတော် အဆင့် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့်ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုတဲ့ ဦးတည်ချက်နှင့်အညီ မျိုးဆက်သစ်လူငယ်၊ လူရွယ်များအပါအဝင် တစ်မျိုးသားလုံးက မြန်မာတို့၏ယဉ်ကျေးမှုအမွေအနှစ်များကို လေးစားမြတ်နိုးတန်ဖိုးထားတတ်စေရန် ရည်ရွယ်ပြီး ယခုလိုပြိုင်ပွဲများ ကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်ပရိသတ်များက ဧည့်ခံဖျော်ဖြေရေးအစီအစဉ်များနှင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီးနောက် ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် ဖျော်ဖြေရေးအဖွဲ့များအားလုံးကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

သရက်ခရိုင်အဆင့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ခရိုင်အတွင်းရှိ သရက်၊ မင်းတုန်း၊ မင်းလှနှင့် ကံမမြို့နယ်များမှ ဝါသနာရှင်အဆင့် ပြိုင်ပွဲဝင်များနှင့် အခြေခံပညာအဆင့်ကျောင်းများမှ အသက် ၁၀ နှစ်မှ ၂၀ အတွင်းရှိ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၆၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အဆိုပါပြိုင်ပွဲတွင် ပထမ၊ ဒုတိယရရှိသူများနှင့် အက၊ ခေတ်ဟောင်းတေး၊ ခေတ်ပေါ်တေး၊ ဆိုင်းအဖွဲ့လိုက်နှင့် ဒိုးပတ်ပြိုင်ပွဲဝင်များက တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီထံမှ သိရသည်။

(အပေါ်ဝဲပုံ)

**ဇော်ထက်(သရက်)**

*-*-*-*-*



## ဥပဒေဆိုင်ရာ အခြေခံအသိအမြင်များ ပညာပေးဟောပြောပွဲ ကျင်းပ

**စဉ့်ကိုင် ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ တောမကျေးရွာအုပ်စု၊ တောမကျေးရွာ၊ ကျောက်ဆည်တက္ကသိုလ်၌ ဥပဒေဆိုင်ရာ အခြေခံအသိအမြင်များ ပညာပေးဟောပြောပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက အဆိုပါတက္ကသိုလ်ရှိ ဇေရာဇ်ခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ စဉ့်ကိုင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်ဦးစီးအရာရှိ ဦးအောင်ဆန်းဦး၊ စဉ့်ကိုင်မြို့နယ် ဥပဒေရုံးမှ ဒုတိယမြို့နယ် ဥပဒေအရာရှိ ဦးစွမ်းရည်ထက်မြတ်၊ ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာရီရီဦးနှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ကထိကများ၊ နည်းပြ၊ သရုပ်ပြ ဆရာ၊ ဆရာမများနှင့် နေ့သင်တန်းကျောင်းသား၊ ကျောင်းသူများ၊ စုစုပေါင်း အင်အား ၁၀၀၀ ဦးခန့် တက်ရောက်ခဲ့သည်။

အဆိုပါ ဥပဒေဆိုင်ရာ အခြေခံအသိအမြင်များ ပညာပေးဟောပြောပွဲ အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဦးစီးအရာရှိက အမှာစကားပြောပြီး ဒုတိယမြို့နယ်ဥပဒေအရာရှိက ဥပဒေဆိုင်ရာ အခြေခံအသိအမြင်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များအား မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။ ၎င်းနောက် ကျောက်ဆည်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာနီနီယဉ်က အသိပညာပေးဟောပြောခဲ့သော မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဦးစီးအရာရှိနှင့် ဒုတိယမြို့နယ် ဥပဒေအရာရှိတို့အား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၉၉)

## ပြည်တွင်း ကော်ဖီဈေးကွက် အရောင်းအဝယ်အေးနေ

**မန္တလေး ဩဂုတ် ၂၉**



ပြည်တွင်း၌ ကော်ဖီဈေးကွက် အရောင်းအဝယ်အေးနေကြောင်း ကော်ဖီလုပ်ငန်းများထံက သိရသည်။

ကော်ဖီဈေးကွက်တွင် Arabica က တစ်ကီလိုဂရမ်လျှင် ငွေကျပ် ၁၆၀၀၀-၁၉၀၀၀ အထိ ပေါက်ဈေးရှိပြီး ပို့ကုန်ကော်ဖီတန်းအနေဖြင့် အရည်အသွေးပေါ်မူတည်ပြီး တစ်ကီလိုဂရမ်လျှင် ငွေကျပ် ၂၀၀၀၀ ကျော်အထိ ပေါက်ဈေးရှိနေသည်။

ယခင်နှစ်များထက် ၅၀ ရာခိုင်နှုန်းခန့် အရောင်းအဝယ်အေးလျက်ရှိကြောင်း တောင်သူများထံက သိရသည်။

လက်ရှိအခြေအနေများကြောင့် အရောင်းအဝယ် မဖြစ်သလောက်နည်းပါးကာ သိုလှောင်ထားသည့် ကော်ဖီများကို ရသည့်ဈေးဖြင့် ရောင်းချနေရပြီး ပုံမှန်ထက်လျှော့ချရောင်းချနေရမှုများလည်း ရှိနေသည်။

ထို့ပြင် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများ၊ ငွေကြေးဈေးကွက်အခြေအနေများကြောင့် ပြည်ပသို့ အနည်းငယ်သာ တင်ပို့နိုင်ကြောင်း သိရပြီး အချို့လုပ်ငန်းရှင်များမှာ တင်ပို့မှုရပ်နားထားရခြင်း ဖြစ်သည်။

"ပြည်ပကို အများကြီးတော့ မတင်ပို့နိုင်ပါဘူး။ အရင်တုန်းက စာချုပ်ရှိပြီးသားသူတွေကတော့ တင်ပို့မှုရှိနေပါတယ်" ဟု ကော်ဖီလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ပြည်ပသို့ ကော်ဖီတင်ပို့ရာတွင် ကွန်တိန်နာရရှိမှုနှင့် သင်္ဘောရရှိမှု အခက်အခဲများ ရှိနေပြီး ကုန်ကျစရိတ်များလည်း ယခင်ထက်မြင့်တက်လာသောကြောင့် တင်ပို့ရန် အခက်အခဲဖြစ်လာသည်။

လက်ရှိ မြန်မာ့ကော်ဖီကို အမေရိကန်၊ ဥရောပနိုင်ငံများသို့ အဓိက တင်ပို့ရောင်းချလျက်ရှိပြီး ဂျပန်၊ တောင်ကိုရီးယားနှင့် ကနေဒါ၊ ထိုင်း စသည့်နိုင်ငံများသို့ တင်ပို့ရောင်းချလျက် ရှိသည်။

မြန်မာကော်ဖီကို ရှမ်း၊ ဟိုပုံး၊ နောင်ချို၊ ပြင်ဦးလွင်၊ မိုးကုတ်မြို့၊ ကရင်ပြည်နယ်တို့တွင် အဓိက စိုက်ပျိုးလျက်ရှိပြီး တစ်နှစ်လျှင် ကော်ဖီစေ့တန်ချိန် ၄၀၀၀ မှ ၆၀၀၀ အထိ ထွက်ရှိသည်။

ယခုနှစ်တွင် ပြည်တွင်း၌ ကော်ဖီအထွက်နှုန်း ပုံမှန်ထက် ကျဆင်းနေကြောင်း ကော်ဖီစိုက်တောင်သူများထံမှ သိရသည်။

(အပေါ်ပုံ)(ရွှေမန်း)

## ရန်ကုန်-မန္တလေး အခြေပြုပြေးဆွဲနေသော လေကြောင်းလိုင်းများ လက်မှတ်နှုန်း ပြောင်းလဲ

**မန္တလေး ဩဂုတ် ၂၉**

ရန်ကုန်-မန္တလေး-မြစ်ကြီးနား-ပူတာအို၊ မန္တလေး-ကျိုင်းတုံ-ဗန်းမော်နှင့် မန္တလေး-ကလေး - ခန္တီး- ဟုမ္မလင်း အပါအဝင် ပြည်တွင်းခရီးစဉ် ပြေးဆွဲနေသော လေကြောင်းလိုင်းလက်မှတ်နှုန်းများ ဩဂုတ် တတိယပတ်မှစတင်၍ လောင်စာဆီဈေးမြင့်တက်လာခြင်းကြောင့် လေယာဉ်လက်မှတ်နှုန်းများ ဈေးနှုန်းပြောင်းလဲလာခဲ့သည်။ ခရီးစဉ်ပေါ်မူတည်၍ ယခင်ဈေးနှုန်းများထက်ငွေကျပ် ၅၀၀၀၀ ကျော်အထိ ဈေးတက်လာခဲ့သည်။

လက်ရှိ ရန်ကုန်-မန္တလေး ခရီးစဉ် ငွေကျပ် ၁၆၉၉၉၉၊ မန္တလေး-ရန်ကုန်ခရီးစဉ် ငွေကျပ် ၁၈၄၀၀၀၊ မန္တလေး-မြစ်ကြီးနား ငွေကျပ် ၃၂၉၉၉၉၊ မြစ်ကြီးနား-မန္တလေး ငွေကျပ် ၃၈၀၀၀၀၊ မန္တလေး-ပူတာအို ငွေကျပ် ၃၄၁၉၉၉၊ ပူတာအို-မန္တလေး ငွေကျပ် ၃၅၀၀၀၀၊ မန္တလေး-တာချီလိတ် ငွေကျပ်၃၂၈၅၀၀၊ မန္တလေး-ကျိုင်းတုံ ငွေကျပ် ၂၉၂၅၀၀၊ မန္တလေး - ဗန်းမော် ငွေကျပ် ၂၉၀၀၀၀၊ မန္တလေး-ကလေး ငွေကျပ် ၂၂၉၉၉၉၊ မန္တလေး-ခန္တီး ငွေကျပ် ၃၆၀၀၀၀၊ မန္တလေး-ဟုမ္မလင်း ငွေကျပ် ၃၀၀၀၀၀ တို့ဖြစ်ကြောင်း မြန်မာ့လေကြောင်းအပါအဝင် ပုဂ္ဂလိကလေကြောင်းလိုင်း တရားဝင်အရောင်းကိုယ်စားလှယ်များထံမှ သိရသည်။

(အောက်ပုံ)

(၀၄၅)



# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## ပြည်တွင်းဒေါ်လာဈေး ကျဆင်းမှုနှင့်အတူ ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဈေးကျဆင်းလာ



ပြည်တွင်းဒေါ်လာဈေး ကျဆင်းမှုနှင့်အတူ ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံးဈေးကျဆင်းလာကြောင်း ပဲ၊ နှမ်းကုန်သည်များထံမှ သိရသည်။

ပြည်တွင်းဒေါ်လာဈေးမှာ ယနေ့နံနက် ဈေးကွက်ဖွင့်ချိန်တွင် အမေရိကန်တစ်ဒေါ်လာလျှင် ငွေကျပ် ၅၄၅၀-၅၆၅၀ ဝန်းကျင် ပြင်ပပေါက်ဈေးရှိနေပြီး ဈေးကျဆင်းလာရာ ပို့ကုန်ပဲများအပါအဝင် ပြည်တွင်းသုံးကုလားပဲများ ဈေးကျဆင်းလာခြင်း ဖြစ်သည်။

အခြားပို့ကုန်ပဲများ ဈေးကျဆင်းမှုရှိသော်လည်း နှမ်းမျိုးစုံ ဈေးကွက်မှာ ကျဆင်းမှုမရှိ အမြင့်ဈေးအတိုင်းရှိနေသည်။

နိုင်ငံခြားငွေဈေး ဆက်တိုက်ဆိုသလို ဈေးကျဆင်းလာသောကြောင့် ပဲ၊ နှမ်းဈေးကွက်မှာ ဈေးအနည်းငယ်ကျဆင်းလာကြောင်း၊ ကုလားပဲအုပ်စုမှာ တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ ကျော် ပေါက်ဈေးကတော့ အမျိုးအစားအလိုက် ငွေကျပ် ၅၀၀၀ ခန့် ဈေးကျသွားကြောင်း၊ မြေပဲဆန်ကလည်းအသစ်ဝင်တွေ များလာသလို အရည်အသွေးနိမ့် အစိုဓာတ်ပါသောကြောင့် တစ်ပိဿာငွေကျပ် ၈၀၀၀ ခန့်သာ ပေါက်ဈေးရှိတော့ကြောင်း၊ နှမ်းမျိုးစုံဈေးကွက်မှာ တရုတ်လိုင်းအဝယ်ကောင်းနေကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"ပြည်တွင်းဒေါ်လာဈေးတွေ အကျဘက်ဖြစ်လာတော့ ပဲဈေးတွေလည်း ဈေးပြန်ကျဆင်းလာပါတယ်။ ကုလားပဲအုပ်စုမှာလည်း တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ ကျော်ထိ ဈေးမြင့်တက်နေရာကနေ အခုဆိုရင် တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀ ကျော် ဈေးပြုတ်ကျပါတယ်။ အသစ်ဝင် မြေပဲတွေလည်း အရည်အသွေးနိမ့်၊ အစိုဓာတ်ရှိရင် တစ်ပိဿာ ငွေကျပ် ၈၀၀၀ လောက်သာ ပေါက်ဈေးရှိပြီး ထိပ်စအရည်အသွေးကောင်းမှ တစ်ပိဿာ ငွေကျပ် ၉၀၀၀ လောက် ရောင်းရပါတယ်။ အခြားပဲမာလိုင်းတွေကတော့ ဈေးအေးနေပေမယ့် နှမ်းမျိုးစုံကတော့ တရုတ်လိုင်းအဝယ်ကောင်းနေပါတယ်။ပို့ကုန်ပဲတွေလည်း ဒေါ်လာဈေးကျတော့ အရောင်းအဝယ်အေးသွားပါတယ်"ဟု ၎င်းကပြောသည်။

ဩဂုတ် ၂၉ ရက်တွင် ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၄၈၅၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာတစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ပို့ကုန်တင်ပို့မှု အဝယ်ကြောင့် ဈေးနှုန်းအနည်းငယ် ဈေးကျဆင်းသွားရာ ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀၀၊ ထိုင်ဝမ် ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ 929 ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၃၀၀၀ ပေါက်ဈေးဖြစ်လာသည်။

မြေပဲဆန်အသစ်ဝင်များနှင့် နှမ်းမျိုးစုံ ဆက်လက်ဈေးမြင့်တက်နေရာ ဩဂုတ် ၂၉ ရက်တွင် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀၀၊ ပဲပုပ်(ရှမ်း) တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄၄၀၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန်တစ်ပိဿာလျှင် ငွေကျပ် ၈၈၀၀-၉၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၁၉၀၀၀ ပေါက်ဈေး ရှိနေသည်။

နှမ်းမျိုးစုံကို ပြည်တွင်း ဆီစက်ပိုင်များနှင့် ပို့ကုန်သမားများ အဝယ်ဆုံနေသောကြောင့် နှမ်းဈေးကွက်မှာ အဝယ်ရှိသလောက် ဝယ်လိုအားကောင်းနေခြင်းဖြစ်ပြီး ပင်လယ်ရေကြောင်းမှ တင်ပို့မှုများရှိနေသလို နယ်စပ်လမ်းမှလည်း သွားနေသောကြောင့် ယခုလို ဈေးကောင်းရနေခြင်းဖြစ်သည်။

ဩဂုတ် ၂၉ ရက်တွင် နှမ်းမျိုးစုံပေါက်ဈေး အနည်းငယ်ကျဆင်းလာရာ နှမ်းနက်(စမုန်) တစ်အိတ်လျှင် ငွေကျပ် ၅၅၀၀၀၀၊ (အက်စစ်လွတ်)၆၃၅၀၀၀၊ နှမ်းဖြူ (ဂျပန်) ၄၅ပိဿာတစ်အိတ်လျှင် ငွေကျပ် ၄၇၀၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃၆၅၀၀၀၊ နှမ်းဖြူရိုးရိုးတစ်အိတ်လျှင် ငွေကျပ် ၄၂၀၀၀၀၊ ပန်းနှမ်းတစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀၊ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။ (အပေါ်ဝဲပုံ)

**ရွှေမန်း**



## တစ်နှစ်ပတ်လုံး ဝင်ငွေရရှိရန် ချဉ်ပေါင်ကို စီးပွားဖြစ် စိုက်ပျိုး

စားဖိုဆောင်သီးနှံ စိုက်ပျိုးရေးတွင် တစ်နှစ်ပတ်လုံးဈေးကွက်အတွင်း ရောင်းချနိုင်အောင် နွေ၊ မိုး၊ ဆောင်း သုံးရာသီပတ်လုံး ချဉ်ပေါင်ကို စီးပွားဖြစ် စိုက်ပျိုးကြကြောင်း တောင်သူများထံက သိရသည်။

တောင်သူများအနေဖြင့် ရာသီကောက်ပဲသီးနှံ၊ နွေစပါး၊ မိုးစပါး အပြင် နေ့စဉ်ဝင်ငွေ ရရှိရေးအတွက် ရာသီသီးနှံများကို ဈေးကွက်အလိုက် စဉ်ဆက်မပြတ် စိုက်ပျိုးရောင်းချလျက်ရှိသည်။

ယခုရက်ပိုင်းများတွင် ဧရာဝတီမြစ်အတွင်းရှိ ကျွန်းရွာများ ရေကြီးမှုမှ ပြန်လည်ရေကျဆင်းချိန်ဖြစ်သောကြောင့် စိုက်ပျိုးရန် ပြင်ဆင်နေချိန်ဖြစ်သည်။

ယင်းအချိန်များတွင် ကုန်းပေါ်၌ စိုက်ပျိုးသည့် ချဉ်ပေါင် အပါအဝင် စားဖိုဆောင်သီးနှံများ ဈေးအနည်းငယ်မြင့်တက်လေ့ရှိသည်။ ဩဂုတ်လဆန်းပိုင်းကတည်းက ချဉ်ပေါင်ရွက် ၅ ပင်စီးတစ်စီးလျှင် ငွေကျပ် ၁၅၀ခန့် လက်ကားဈေးရောင်းချရပြီး လက်လီဈေးတွင် ငွေကျပ် ၂၅၀ ခန့်အထိ ဈေးကောင်းရရှိခဲ့သည်။

ချဉ်ပေါင်တစ်ဧက စိုက်ပျိုးလျှင် ချဉ်ပေါင်မျိုးအနေဖြင့် ရှစ်ပြည်ခန့် ကုန်ကျကြောင်း မျိုးဈေးနှုန်းအနေဖြင့် တစ်ပြည်လျှင် ငွေကျပ် ၇၅၀၀ ခန့်ဖြင့် ဝယ်ယူရကြောင်း တစ်ဧကစိုက်ပျိုးစရိတ်မှာ မျိုး၊ သွင်းအားစု၊ လုပ်အားခ အပါအဝင် ငွေကျပ် ၃၀၀၀၀၀ခန့် ကုန်ကျသည်။

ချဉ်ပေါင်စိုက်ပျိုးပြီး တစ်လသားအရွယ်တွင် စတင်ဆွတ်ခူးရောင်းချရပြီး တစ်ဧကအထွက်နှုန်းအနေဖြင့် ချဉ်ပေါင်အစည်းပေါင်း ၆၅၀၀၀ စည်း ထွက်ရှိကြောင်း ချဉ်ပေါင်တစ်ဧကလျှင် ငွေကျပ် ၇၀၀၀၀၀ ခန့်ထိ ဝင်ငွေရရှိတာကြောင့် တစ်ဧက အကျိုးအမြတ် ငွေကျပ် ၄၀၀၀၀၀ခန့် ကျန်ရှိကြောင်း ချဉ်ပေါင်စိုက်တောင်သူတစ်ဦးက ပြောသည်။

ဧရာဝတီမြစ်အတွင်းရှိ ကျွန်းရွာများမှ စိုက်ပျိုးထွက်ရှိချိန်တွင် မန္တလေးဈေးကွက်၌ စားဖိုဆောင်သီးနှံများဖြစ်သည့် ချဉ်ပေါင်၊ ကန်စွန်း၊ ကင်ပွန်းချဉ်၊ ခရမ်းချဉ်သီး၊ ဆူးပုတ်၊ သံပရာသီး၊ ရုံးပတီသီးများကို ဈေးချိုချိုဖြင့် ဝယ်ယူရရှိနိုင်သော်လည်း ဧရာဝတီမြစ်ရေကြီးချိန်တွင် ယင်းသီးနှံများ ဈေးကောင်းရလေ့ရှိကြောင်း သိရသည်။

**မန္တလေးနေ့စဉ်-၆**

## ပြည်တွင်းလက်ကျန် နည်းလာသောကြောင့် ဂျုံဈေးကွက် အနည်းငယ်ဈေးမြင့်တက်လာ

ပြည်တွင်းလက်ကျန် နည်းလာသောကြောင့် ဂျုံဈေးကွက်မှာ ဩဂုတ်လဆန်းပိုင်းထက် ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀၀ ခန့် ဈေးမြင့်တက်လာကြောင်း ကုန်သည်များထံက သိရသည်။

ပြည်တွင်းဂျုံလက်ကျန်နည်းပါးလာခြင်း၊ တောင်သူများလက်ဝယ်တွင် မရှိတော့ဘဲ လှောင်သမားလက်များတွင်သာ ကျန်ရှိတော့တာကြောင့် ဈေးမြင့်တက်လာခြင်းဖြစ်ပြီး နိုင်ငံခြားဂျုံပေါက်ဈေးမှာလည်း မြင့်တက်လာသောကြောင့် ယခုလို တစ်လအတွင်း ဂျုံဈေးမြင့်တက်လာခြင်းဖြစ်ကြောင်း မန္တလေးမြို့၊ "ဒေါင်း" ဂျုံစက်ပိုင်ရှင် ဦးသက်တင်က ပြောသည်။

"ပြည်တွင်းဂျုံလက်ကျန်ကနည်းလာတော့ ဈေးမြင့်တက်လာတာပါ။ အရောင်းအဝယ်ကတော့ ပုံမှန်သာ ရှိနေပါတယ်။ ကမ္ဘာ့ဂျုံဈေးကလည်း မြင့်တက်လာတော့ ပြည်တွင်းဂျုံဈေးလည်း လိုက်ပါမြင့်တက်လာတာပါ။ ဂျုံစိုက်ပျိုးချိန်ကလည်း လိုသေးတော့ ပုံမှန်အရောင်းအဝယ်ရှိနေရုံဖြင့် ပစ္စည်းစောပြီး ပြတ်နိုင်တာကြောင့် လှောင်လက်သမားများ ဈေးမြင့်ရောင်းလာတာပါ" ဟု ၎င်းက ပြောသည်။

ယခုနှစ် ဂျုံစိုက်တောင်သူများအနေဖြင့် ဂျုံပေါ်စတွင် ၆၀ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀၀ ခန့် ရရှိခဲ့ပြီး လက်ရှိအချိန်တွင် ဂျုံတစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀၀ ထိ ပေါက်ဈေးရှိနေပြီး တစ်လအတွင်း ငွေကျပ် ၅၀၀၀၀ ခန့် ဈေးမြင့်တက်လာခြင်းဖြစ်သည်။

ဩဂုတ် ၂၈ ရက် မန္တလေးဈေးကွက်တွင် ဂျုံစေ့(တောင်ဘက်၊ ငါန်းဇွန်၊ မြို့သာ) ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀ -၂၃၀၀၀၀၊ ဂျုံစေ့(မုံရွာ၊ဘုတလင်) ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀ -၂၃၀၀၀၀၊ ဂျုံစေ့(စစ်ကိုင်း၊ ဆားတောင်၊ ရွှေဘို) ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀ -၂၃၀၀၀၀၊ ဂျုံစေ့(မြင်းမူ၊ မြောင်) ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀ -၂၃၀၀၀၀၊ ဂျုံစေ့(ရှမ်း) ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀ -၁၉၀၀၀၀၊ ဂျုံစေ့ (အထွက်တိုး) ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀ -၁၈၇၀၀၀၊ ဂျုံစေ့(AUS) တစ်ပိဿာလျှင် ငွေကျပ် ၃၇၀၀၊ ဂျုံဖွဲ တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ ပေါက်ဈေးရှိနေပြီး ဂျုံအမျိုးအစားအလိုက် တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ မှ ၅၀၀၀၀ အထိ ဈေးမြင့်တက်လာသည်။



ဂျုံသီးနှံကို ဆောင်းစိုက်သီးနှံအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာ၊ မြင်းမူ၊ ရွှေဘို၊ ဆားတောင်၊ ဘုတလင်၊ ကလေးဒေသတို့တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်၊ မြို့သာ၊ သဲတော-ဝမ်းတွင်းဒေသများတွင် အများဆုံးစိုက်ပျိုးကြောင်း သိရသည်။

**မန္တလေးနေ့စဉ်-၆**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## စာကြည့်တိုက်ကော်မတီများနှင့် တွေ့ဆုံ၊ လုပ်ငန်းဆောင်ရွက်ထားမှုများ သွားရောက်ကြည့်ရှု

**မန္တလေး ဩဂုတ် ၂၉**

မန္တလေး၊ အောင်မြေသာစံ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာအောင်ဆွေနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၂၉ ရက် နံနက် ၈ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီ (အရှေ့)ရပ်ကွက်၊ ၁၁လမ်းနှင့်၇၇ လမ်းထောင့်ရှိ စိန်ကမ္ဘာအလင်း ရောင်စာကြည့်တိုက်မှ စာကြည့် တိုက်ကော်မတီနှင့် တွေ့ဆုံပြီး လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက် ကြည့်ရှုသည်။



ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့အား စိန် ကမ္ဘာအလင်းရောင်စာကြည့်တိုက် အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် အလုပ်အမှုဆောင် များက တိုင်းဒေသကြီးအစိုးရအဖွဲ့ ကလှူဒါန်းထားသော အလှူငွေ ကျပ်သိန်း ၅၀ ဖြင့် ပရိဘောဂများ ဝယ်ယူဖြည့်တင်းမှု၊ အဆောက် အအုံ ပြုပြင်ထားမှု၊ စာအုပ်၊ စာစောင်များ ဝယ်ယူဖြည့်ဆည်း ထားမှုအခြေအနေများကို လိုက်လံ ရှင်းလင်းပြသရာ ခရိုင်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည် များ ဖြည့်ဆည်းဆောင်ရွက်ပေး သည်။

ထိုသို့ တွေ့ဆုံရာသို့ မန္တလေး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန လက်ထောက်ညွှန် ကြားရေးမှူး ဒေါ်မြင့်မြင့်သန်း၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်း ထွန်းလင်း၊ မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်တင့် တင့်ရွှေနှင့် ဝန်ထမ်းများ၊ စိန်ကမ္ဘာ အလင်းရောင်စာကြည့်တိုက်ကော် မတီဥက္ကဋ္ဌ ဦးမြင့်သိန်း၊ ဒုတိယ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော် မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ် ရေးမှူးနှင့် စာပေချစ်သူများ တက်ရောက်ကြကြောင်း သိရ သည်။ **(အပေါ်ဝဲပုံ)(ဝ၉၃)**

အသက်သည် သွေး
သွေးသည် အသက်။

## ပလတ်စတစ်အမှိုက်များ စွန့်ပစ်မှုမရှိစေရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

**မင်းဘူး ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု) မြို့နယ်တွင် ဧရာဝတီမြစ်ကမ်း တစ်လျှောက် ပလတ်စတစ်အမှိုက် စွန့်ပစ်မှုမရှိစေရေး၊ ပလတ်စတစ် ကင်းစင်စေရေး ဗီနိုင်းပိုစတာ ကပ်၍ ပြသခြင်းနှင့် အသိပညာ ပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို ဩဂုတ် ၂၇ ရက် မွန်းလွဲ ၂ နာရီက ထောက် ရှာပင်ဆိပ်ကမ်းရှိ သင်္ဘောများ ပေါ်နှင့် မြစ်ကမ်းနားတစ်လျှောက် တွင် ဆောင်ရွက်ကြသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မင်းဘူးခရိုင် ပတ်ဝန်းကျင်ထိန်း သိမ်းရေးဦးစီးဌာနနှင့် မင်းဘူး မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းကာ ဧရာဝတီမြစ်ကမ်း တစ်လျှောက် သန့်ရှင်းသာယာ လှပစေရေးနှင့် ပလတ်စတစ် အမှိုက်များ ကင်းစင်ရေးအတွက် အမှိုက်များကောက်၍ သရုပ်ပြ ခြင်း၊ လူစည်ကားရာနေရာများ နှင့် စားသောက်ဆိုင်များတွင် အမှိုက်ပုံးများ ထားရှိပေးခြင်း၊ ဗီနိုင်းပိုစတာများကပ်၍ ပြသပေး ခြင်းနှင့် အသိပညာပေးလက်ကမ်း စာစောင်များ အခမဲ့ဖြန့်ဝေပေးကာ ပလတ်စတစ်ကင်းစင်ရေးလုပ်ငန်း များကို လစဉ်၊ လတိုင်း ဆောင် ရွက်သွားမည်ဖြစ်ကြောင်း မင်းဘူး ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြား ရေးမှူး ဦးကျော်ဇေယျထံက သိရသည်။ **(အပေါ်ပုံ)(၅ဝ၄)**




## စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

**လွိုင်လင် ဩဂုတ် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင် အသေးစား စက် မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်မည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာ ရေးနှစ် အသေးစားကုန်ထုတ် လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေ တိုးရေးစီမံကိန်းမှ ဘိန်းစိုက်ပျိုး သည့်မြို့နယ်များတွင် အစားထိုး အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက်သည့် စက် ချုပ်နည်းပညာ သင်တန်းဖွင့်ပွဲ ကို ဩဂုတ် ၂၇ ရက် နံနက်ပိုင်း က လွိုင်လင်မြို့နယ်၊ အမှတ်(၄) ရပ်ကွက်ရှိ မွေတော်ဘုရားဓမ္မာ ရုံတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစော လှိုင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားပြီးနောက် ခရိုင်အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငြိမ်းချမ်းကျော်က သင်တန်း ဖွင့်လှစ်ပေးရခြင်းနှင့် ရရှိမည့် အကျိုးကျေးဇူးကို ရှင်းလင်းပြော ကြားသည်။ ထို့နောက် ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက သင် တန်းသုံးပစ္စည်းများ ပေးအပ်ပြီး နောက် မှတ်တမ်းတင်ဓာတ်ပုံရိုက် ကြသည်။

အဆိုပါသင်တန်းသို့ သင် တန်းသူ ၁၀ ဦး တက်ရောက်ပြီး သင်တန်းကာလ တစ်လ သင် ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**
**မြို့နယ်(ပြန်/ဆက်)**



## “ရတနာပုံ” ဥယျာဉ်ဘုံ

\-\-\-\-\-\-\-\-\-\-\-\-

* “ရတနာပုံ” ဥယျာဉ်ဘုံ
ပန်းမျိုးတကယ်စုံ ။
ကျုံးရေပြင်နဲ့ မြို့ရိုးကြား
ဖော်ဆောင်ထားသဗျား ။
နိုင်လွန်လမ်းကြီး ဖြောင့်တန်းညီ
ခင်းထားခေတ်မီမီ ။
လျှောက်လမ်းများက ဒီဇိုင်းလှ
တွေ့သူဘဝင်ကျ ။

* စားသောက်ဆိုင်နဲ့ ကားပါကင်
ထည့်သွင်းပြီးစီစဉ် ။
ဘဲစားမြက်များ ခင်းလို့ထား
ကမ္ဘာလာအလား ။
ဘာဂီကားလေး စီးလို့ရယ်
လျှောက်လို့လည်ကြမယ် ။
စက်ဘီးစီးပြီး လျှောက်ကာကြည့်
ဥယျာဉ်အဆုံးထိ ။

* မန်းတောင်ကြီးလည်း ဖူးတွေ့မြင်
စိတ်နှလုံးကြည်လင် ။
နတ်ဘုံအလား ထင်ယောင်မှား
လူတွေလွန်စည်ကား ။
ပန်းပေါင်းစုံက ရနံ့ကြွယ်
ပင်ပန်းတာပြေတယ် ။
လာရောက်သူတွေ ပျော်ရွှင်ကြ
ဥယျာဉ်ဘုံကလှ ။

* ကျုံးအတွင်းက ရေပန်းတွေ
မိုးထိဖြာလို့နေ ။
လေနအေးလေး ဖြတ်ကာတိုက်
အားရအောင်ရှူရှိုက် ။
ကျန်းမာရေးတွက် ထောက်ကူတယ်
နေ့တိုင်းသွားကြမယ် ။
ကိုယ်လက်လှုပ်ရှားအားကစား
လုပ်လိုက်ကြစို့လား ။ ။

**အောင်မျိုးမြတ်(မန္တလေး)**

## သတင်းပဒေသာ

### လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ဝိုင်း ကျင်းပ

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်၊စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club)တို့ ပူးပေါင်း၍ စာရေးဆရာတက္ကသိုလ် ဘုန်းနိုင် ရေးသားသော 'သူ့ကျွန်မခံပြီ' စာအုပ်ဖြင့် စာဖတ်ဝိုင်းကို ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန(Community Centre)၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုတပ်နယ်ခန်းမတွင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ခရိုင်အဆင့်)ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လှိုင်လင်ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာနတွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ဩဂုတ် ၂၈ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းနောင်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၂၄ ခုနှစ် ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ကျောင်းအားကစားကွင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မွေးဘဏ်စနစ်ဖြင့် ဒေသဆိတ်များ ဖြန့်ဖြူးပေးအပ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးဆောင်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဒေသဆိတ် ၅၅ ကောင်ကို (မွေးဘဏ်စနစ်) ဖြန့်ဖြူးပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၁၁နာရီ မိနစ် ၂၀ က မိုင်းတုံမြို့နယ်၊ ပါမကျေးရွာရှိ ခရီးသွားများ နားနေဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။
**မြို့နယ်(ပြန်/ဆက်)**

### သမဝါယမအသင်းစုလီမိတက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ကျင်းပပြုလုပ်သော နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၂၈ ရက် နံနက် ၁၀ နာရီက မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးကျော်ရွှေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမွန်က အရပ်ရပ်ဆိုင်ရာ အစည်းအဝေးဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မျောက်ကျောက်ရောဂါအကြောင်း အသိပေးနှိုးဆော်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်စံအောင်ဈေးအတွင်း၌ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ မျောက်ကျောက်ရောဂါအကြောင်း အသိပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဩဂုတ် ၂၈ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပုဂံရှေးဟောင်း သုတေသနပြတိုက်အတွင်းရှိ အေဒီ ၁၂ ရာစု ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူခန်းပုံတော်ကို ဖူးမြော်လေ့လာနိုင်

**ညောင်ဦး ဩဂုတ် ၂၉**



မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း လေ့လာရေး ဘုရားဖူးလာရောက်ခဲ့ပါက ပုဂံရှေးဟောင်းသုတေသနပြတိုက်ရှိ အေဒီ ၁၂ ရာစု ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူခန်း သဲကျောက်တုံးအား ထွင်းထုကိုးကွယ်ထားသည့် ပုံတော်ကိုလေ့လာနိုင်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ) တာဝန်ရှိသူများထံမှ သိရသည်။

ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင်ပြသထားသည့် အေဒီ ၁၂ ရာစု ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူခန်း ပုံတော်သည် အမြင့် ၉၀ ဒသမ ၂ စင်တီမီတာ၊ ဖြက် ၁၃၀ ဒသမ ၆ စင်တီမီတာ၊ ထု ၃၁ စင်တီမီတာရှိပြီး မြင်းကပါဂူပြောက်ငယ်ဘုရားအတွင်းမှ ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ပြောင်းရွှေ့ပြသအပူဇော်ခံထားရှိသည်။ ဗုဒ္ဓပရိနိဗ္ဗာန်စံတော်မူခန်းပုံတော်တွင် မြတ်စွာဘုရားရှင်သည် (၄၅)ဝါပတ်လုံး လူ၊ နတ်၊ ဗြဟ္မာ၊သတ္တဝါအပေါင်းတို့အား တရားဟောတော်မူပြီး လျှင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ ဥယျာဉ်အတွင်း၌ သလွန်ပေါ်တွင် လဲလျောင်းပြီး မြောက်အရပ်သို့ ခေါင်းပြုကာ ပရိနိဗ္ဗာန်စံတော်မူပုံ ထုဆစ်ထားသည်။ ဒေါနပုဏ္ဏားသည် မြတ်စွာဘုရား၏ ဓာတ်တော်၊ မွေတော်များကို ကိုးကွယ်ရန် တောင်းခံလာကြသော ခုနစ်ပြည်ထောင်မင်းတို့ကို ခွဲဝေပေးဟန် ထုဆစ်ထားသည်ကို ဖူးမြော်လေ့လာနိုင်သည်။

ပုဂံရှေးဟောင်း သုတေသနပြတိုက်ကြီးထဲတွင် အထူးပင်မပြခန်း၊ ပုဂံခေတ်ဗိသုကာပြခန်း၊ ပုဂံခေတ်လက်မှုအနုပညာပြခန်း၊ ပုဂံခေတ်နန်းမြို့ရိုးပြခန်း၊ ပုဂံခေတ်စာပေပြခန်း၊ ပုဂံခေတ်လူနေမှုဘဝပြခန်း၊ ပုဂံခေတ်ဗုဒ္ဓအနုပညာပြခန်း၊ ပုဂံခေတ်ဗုဒ္ဓဆင်းတုတော်များပြခန်း၊ ပုဂံခေတ် ဘုရားပုထိုးပန်းချီပြခန်းနှင့် ပုဂံခေတ်နံရံဆေးရေးပန်းချီပြခန်း စသည်ဖြင့် ပြခန်း ၁၀ ခန်း ခင်းကျင်းပြသထားကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (၄စ၁)**

## ကန်တော်ကြီးရှိ ဇီဝိတဒါနသံဃာ့ဆေးရုံသို့ ဆွမ်းကွမ်းနှင့် ကျောက်ကပ်သွေးသန့်စင်မှု ငွေများလှူဒါန်း



**မန္တလေး ဩဂုတ် ၂၉**

မန္တလေး ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ စေတနာရှင်များက ဆွမ်း၊ ကွမ်းနှင့် ဆေးပဒေသာပင် စိုက်ထူခြင်း၊ ဆေးရုံသုံးပစ္စည်းနှင့် ကျောက်ကပ်သန့်စင်ခြင်းအတွက်ငွေများ လှူဒါန်းလျက်ရှိရာ ဩဂုတ် ၂၈ ရက် နံနက်က မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၂၇လမ်းနှင့်၆၇လမ်းထောင့်နေ သုခမ္မမဏိဇောတရေ ဦးစိုးလင်း+ဒေါ်အေးအေးကြိုင်(စိုးမဟာကုမ္ပဏီလီမိတက်) မိသားစုက ကျောက်ကပ်သွေးသန့်စင်နေရသော ဂိလာနသံဃာနှင့် သီလရှင်အပါး ၃၀ အတွက် ငွေကျပ် ၁၀ သိန်း ၅ သောင်း၊ ဆွမ်း၊ ကွမ်းအတွက် ငွေကျပ် ၁၀သိန်း၅သောင်း၊ စုစုပေါင်းငွေကျပ် ၂၁သိန်းကိုလည်းကောင်း၊ မဟာအောင်မြေမြို့နယ်၊ ၄၅လမ်းနေ ဦးကိုကို+(ဒေါ်ဝေဝေ)ဒေါ်တင်တင်(သဘော်ဆေး) မိသားစုက ကျောက်ကပ်သွေးသန့်စင်နေသော ဂိလာနသံဃာနှင့် သီလရှင် အပါး ၁၀၀အတွက် ငွေကျပ် ၃၅သိန်းကိုလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ်၊ ၈၃လမ်း၊ ၂၆လမ်းနှင့်၂၇လမ်းကြားနေ ဦးကျော်မျိုးထွန်း+ဒေါ်ရီရီစု(သုခသစ္စာ ဆေးကုမ္ပဏီ)မိသားစုက ကျောက်ကပ်သွေးသန့်စင် ဂိလာနသံဃာနှင့် သီလရှင် အပါး ၃၀အတွက် ငွေကျပ် ၁၀သိန်း၅သောင်းတို့ကို လှူဒါန်းရာ ဇီဝိတဒါန သံဃာ့ဆေးရုံကြီးကြပ်ရေး အထောက်အကူပြုအဖွဲ့နာယက ဒေါက်တာဦးမိတ်၊ ဥက္ကဋ္ဌ ဦးစိုးလင်း၊ ဘဏ္ဍာရေးမှူး ဦးစိုးလွင်နှင့်ဆွမ်း၊ ကွမ်းဝေယျာဝစ္စအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။

ကန်တော်ကြီး ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဂိလာနသံဃာတော်များ၊ သီလရှင်များအား အခမဲ့ကျန်းမာရေးဆေးဝါး ကုသပေးလျက်ရှိရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ ရေအလှူတော်၊ လျှပ်စစ်မီးအလှူတော်၊ ကျောက်ကပ်သွေးသန့်စင်ဌာန အလှူများသို့ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (ကဆ)**

## မန်းတောင်ခြေဘိုးဘွားရိပ်သာသို့ နေ့ညလျှပ်စစ်မီးသုံးစွဲနိုင်ရေး ဆိုလာစနစ် တပ်ဆင်လှူဒါန်း

**မန္တလေး ဩဂုတ် ၂၉**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ ၁၂လမ်း၊ ရွှေမန်းတောင်အားကစားကွင်းအနီးရှိ မန်းတောင်ခြေဘိုးဘွားရိပ်သာတွင် အဘိုး၊ အဘွားများ လျှပ်စစ်မီး နေ့၊ည မပြတ်သုံးစွဲနိုင်ရေးအတွက် ဩဂုတ် ၂၈ရက်က မန္တလေးမြို့ရှိ Mother Home Solar Installation ကုမ္ပဏီ မိသားစုက Shark Topsun 610WX 14 PCS 854 0Wp ဆိုလာ၊ Mother Home 10 Kw အင်ဗာတာ၊ Blue carbon 51.2V 250 Ah ဘက်ထရီ တပ်ဆင်လှူဒါန်းခဲ့သည်။

ဆိုလာစနစ်တပ်ဆင်ပေးခဲ့ခြင်းကြောင့် မန်းတောင်ခြေဘိုးဘွားရိပ်သာရှိ အဘိုးဆောင်၊ အဘွားဆောင်၊ ဓမ္မာရုံ၊ ထမင်းစားဆောင်၊ အသား၊ ငါးသိုလှောင်သည့် Freezen မီးသီးမီးချောင်းများ၊ ပန်ကာများ လျှပ်စစ်မီးပြတ်တောက်ချိန် ပုံမှန်အသုံးပြုနိုင်မည်ဖြစ်သည်။

သော Mother Home Solar installation ကုမ္ပဏီအား မန်းတောင်ခြေဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီက ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြု မှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (ကဆ)**

ဆိုလာစနစ် တပ်ဆင်လှူဒါန်း



# ဖတ်ပါ မှတ်ပါ လေ့လာကြပါ

ကိုကိုပံသ (ပခုက္ကူတက္ကသိုလ်)

ကန့်ရေပြင်၏ အတိမ်အနက်ကို ကြာရိုးကြာစွယ်ကို ကြည့်၍ သိနိုင်ပါသည်။ လူသားတစ်ဦး၏ အသိဉာဏ်နှင့် အကျင့်သိက္ခာ အတိမ်အနက်ကိုမူ ထိုသူ၏ အနေအထိုင်၊ အပြုအမူ၊ အပြောအဆိုကို ကြည့်၍ ခန့်မှန်းနိုင်ပါသည်။ ထို့အတူ တိုင်းနိုင်ငံတစ်ခု၏ တည်ငြိမ်အေးချမ်းမှု၊ သာယာဝပြောမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ယင်းနိုင်ငံ၏ လူထုကိုကြည့်၍ အကဲခတ်နိုင်ပါသည်။ ဆိုလိုသည်မှာ လူမျိုးတစ်မျိုး၏ အဆင့်အတန်းကို သိလိုပါက ယင်းတို့၏ စာပေအဆင့်အတန်း၊ စာပေလေ့လာမှု၊ မှတ်သားနာယူမှုနှင့် လက်တွေ့လုပ်ဆောင်နေမှုများကို ကြည့်ရပါမည်။

စာအုပ်စာပေများကို ဖတ်ရှုလေ့လာမှု၊ လိုက်စားနာယူမှု၊ စာပေကို ချစ်မြတ်နိုးမှုသည် ဘဝ၏ အလင်းရောင်ဖြစ်ပါသည်။ စာပေသည် နေမင်းကဲ့သို့ ဘဝကို ထွန်းတောက်စေသည်။ စာပေသည် လမင်းကဲ့သို့ လူတို့၏ဘဝကို တည်ငြိမ်အေးချမ်းစေသည်။ ယာဉ်ငယ်တစ်ခုပမာ မိမိတို့ အလိုရှိရာ သွားလိုရာကို ပို့ဆောင်နိုင်စွမ်းရှိသည်။ လက်နက်တစ်ခုပမာ မိမိတို့၏ စိတ်စွမ်းအင်ကို မြှင့်တင်ပေးသည်။ ဇာတိသွေး ဇာတိမာန်ကို တက်ကြွစေသည်။ မျိုးချစ်စိတ်ကို ရှင်သန်စေသည် နိုးကြားစေသည်။ သို့ပါ၍ စာအုပ်၊ စာပေသည် ယနေ့လူသားအားလုံး၏ မိတ်ဆွေကောင်း မိတ်ဆွေမွန်များ အမှန်ပင် ဖြစ်ကြပါသည်။

လမင်းကြီးနှင့် ကြယ်တာရာတို့က ညရဲ့အလှဟု ဆိုနိုင်ပါသည်။ သစ်ပင်သစ်တောတို့ကား သဘာဝလောက၏ အလှတရားဖြစ်သည်။ မိုးထိမြင့်ခေါင် တောင်တန်းကြီးများကို စမ်းရေယာဉ်တို့က တသွင်သွင်စီးဆင်းလျက် အလှဆင်ပေးနေကြသည်။ ပြာလဲ့လဲ့ သမုဒ္ဒရာကို ဘော်ငွေလွှာ သဲသောင်ပြင်များက အလှဆင်ပေးသည်။ ထို့အတူ လူ့ဘဝ၏ အလှတရားနှင့် လူတို့၏ ဘဝအခြေအနေကို စာပေနှင့် အလှဆင်မှ တင့်တယ်ပါမည်။

'အလိမ္မာ စာမှာရှိ'၊ 'စာအုပ်စာပေ လူ့မိတ်ဆွေ' ဆိုစကား သတိထားမိကြမည် ထင်ပါသည်။ စာအုပ်များသည် လူတို့၏ မိတ်ဆွေစစ်၊ မိတ်ဆွေမှန်ဖြစ်ကြသည်။ စာပေသည် လူတို့၏ စရိုက်လက္ခဏာကို ပြုပြင်ပေးသည်။ မိုက်မဲနေသူကို လိမ္မာစေသည်။ ဆိုးသွမ်းနေသူများကို ယဉ်ကျေးလာစေသည်။ အသိတရားမဲ့နေသူကို အသိဝင်လာစေသည်။ အယူမှား အမြင်မှား နေကြသူများကို အလင်းပြ၍ အမှန်ဘဝသို့ ရောက်ရှိလာစေသည်။

အသိအလိမ္မာနှင့် အကျင့်သိက္ခာ ပြည့်ဝခြင်း၊ သနားငဲ့ညှာ စာနာထောက်ထားခြင်းတို့သည် ပညာတည်းဟူသော စာပေများ၊ ကျမ်းဂန်များနှင့် မြတ်ဗုဒ္ဓ၏ စာပေများတွင် တည်ရှိနေပါသည်။ 'ပညာသမာ အာဘာနတ္ထိ' ပညာနှင့်တူသော အရာသည်မရှိပါ။ ပညာဖြင့် အသက်မွေးသူ၊ ပညာရရန် ကြိုးစားရှာဖွေနေကြသူများသည် အမြတ်ဆုံးဖြစ်သည်။ လူမြတ် လူတော်များ ဖြစ်ကြသည်ဟု ဗုဒ္ဓမြတ်စွာ မိန့်မှာခဲ့ပါသည်။

အနံ့ပြည့်ဝနေသော စပါးပင်သည် ငိုက်နေသကဲ့သို့ ပညာရှိသူတို့သည် စိတ်သဘောထား ပြည့်ဝသည်။ အရာရာကို သည်းခံခွင့်လွှတ်နိုင်စွမ်းရှိသည်။ မိမိကိုယ်ကို နှိမ့်ချသည့် စိတ်ထား၊ မာန်မာနကင်းမဲ့သည့် သဘောထားကို ပိုင်ဆိုင်ကြသည်။ ပညာဟူသည် အကောင်းအဆိုးကို ခွဲခြားနိုင်သည်။ အကျိုးနှင့်အပြစ်၊ ဓမ္မနှင့် အဓမ္မ၊ ကုသိုလ်နှင့် အကုသိုလ်ကို ခွဲခြားသိမြင်နိုင်သည့် အလင်းရောင်ကို ပေးပါသည်။ 'ပညာအရောင် ထွန်းလင်းပြောင်' ဆိုစကား ရှိနေပါသည်။

စာအုပ်၊ စာပေများမှတစ်ဆင့် အသိပညာ၊ အတတ်ပညာ၊ အကျင့်သိက္ခာ၊ ကိုယ်ကျင့်အဘိဓမ္မာ၊ လောကုတ်လောကီ နှစ်လီသောအကျိုးကို ရစေပါသည်။ သိစေပါသည်။ သဘောပေါက်နားလည်စေပါသည်။ မြင့်သောစိတ်၊ မြတ်သောစိတ်ထားကို ပြုပြင်ပြောင်းလဲစေသည်။ သူတော်ကောင်းတရားကို ရင်ဝယ်ထားလိုစိတ်၊ အများအကျိုးကို သယ်ပိုးလိုစိတ်၊ အတ္တ-ပရကို ခွဲခြားသိမြင် ဆင်ခြင်နိုင်စိတ်၊ မျိုးချစ်စိတ်၊ အမျိုးဂုဏ် ဇာတိဂုဏ်တို့ မြင့်မားလာစေသည့် စိတ်များ ပိုမိုရင့်သန်လာပေသည်။ 'ပညာရွှေအိုး လူမခိုး' 'ပညာရဲရင့် ပွဲလယ်တင့်' ဆိုစကား ရှိထားပြီး ဖြစ်ပါသည်။

စာပေသည် လူသားတို့၏ ဘဝများ အဆင့်ဆင့် မြင့်မားလာရေးကို တွန်းအားပေးသည်။ ကမ္ဘာပေါ်က တိုးတက်နေသော နိုင်ငံများကို လေ့လာကြည့်ပါ။ ထိုနိုင်ငံသား အားလုံးလိုလို စာဖတ်ကြသည်။ မှတ်သားကြသည်။ လေ့လာကြသည်။ အချိန်ဖြုန်းမနေဘဲ အကျိုးရှိရှိ အသုံးချကြသည်။ နိုင်ငံရေးစာပေများ၊ စီးပွားရေးစာအုပ်များ၊ ကြီးပွားရေး- လူမှုရေးရာ စာအုပ်များ၊ ကိုယ်ကျင့်တရားဆိုင်ရာ ဆုံးမစာများ၊ သိပ္ပံနည်းပညာရပ်ဆိုင်ရာ စာအုပ်များ၊ သုတေသနစာတမ်းများ စသည်တို့ကို မိမိတို့ ဝါသနာအလျောက် ဖတ်ကြသည်။ ယင်းစာပေများမှ အသိပညာ၊ အတတ်ပညာများ တိုးပွားလာကြသည်။ မိမိတို့ဘဝ တိုးတက်စေရေးအတွက် အသုံးချသည်။ လက်တွေ့လုပ်ဆောင်ကြသည်။ ဆန်းသစ်တီထွင် လာနိုင်ကြသည်။

စာအုပ်စာပေတို့က လူတို့၏ တွေးခေါ်ကြံဆစိတ်၊ ဆန်းသစ်တီထွင်လိုစိတ်၊ ခေတ်မီနည်းပညာများ အသုံးချလိုစိတ်များ စသည်တို့ကို တိုးပွားစေသည်။ ထိုမှတစ်ဆင့် လူ့အဖွဲ့အစည်းနှင့်၊ ယနေ့ကမ္ဘာကြီးကို ခေတ်မီသော စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် နိုင်ငံရေး စသည်တို့ကို ပြုပြင်ပြောင်းလဲကြသည်။ စာပေများသည် လူသားအားလုံးတို့အား အတိတ်ပစ္စုပ္ပန်နှင့် အနာဂတ် တည်းဟူသော ကာလသုံးပါးကို ဆက်သွယ်ပေးသည်။ ပေါင်းကူးတံတားကြီးပမာ ရပ်တည်ပေးနေပါသည်။

စာပေများမှ အတိတ်ခေတ်များ၏ အဆိုးအကောင်းများ၊ ငွေဝယ်ကျွန်များ၊ လူသားဝါဒ၊ လူမျိုးရေးဝါဒများ၊ ပုဂ္ဂိုလ်စွဲ ဝါဒစွဲများ၊ အရင်းရှင်စနစ်၊ နယ်ချဲ့စနစ်၊ ကျူးကျော်စစ်စသည့် အဖြစ်ဆိုးများကို သိမြင်လာရသည်။ အဖြစ်အပျက်တို့ကို သင်ခန်းစာယူကြရသည်။ အတိတ်၏ ဆိုးကျိုးများ ဖယ်ရှားရမည်။ စနစ်ဆိုးကို ပြုပြင်ရမည်။ ယနေ့လူသားထုအတွက် သာယာမှု၊ ပျော်ရွှင်မှု၊ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို လက်တွေ့ကျကျ လုပ်ဆောင်ပေးကြရပါမည်။ စာပေများမှ အတိတ်၏ ဆိုးကျိုးများ၊ ဆောင်ရန်၊ ရှောင်ရန်များကို သိမြင်လာရပါသည်။

အတိတ်နှင့် ပစ္စုပ္ပန်ကို ဓမ္မဒိဋ္ဌာန်ကျကျ လေ့လာသုံးသပ်ကြလျက် လူတို့၏ အနာဂတ်လှပစေရန်၊ ခေတ်မီသောနိုင်ငံ၊ ဖွံ့ဖြိုးသော စီးပွားရေး၊ ပျော်ရွှင်ဖွယ် လူ့အဖွဲ့အစည်းကို ဖန်တီးကြရပါမည်။ ဤသည်မှာ စာအုပ်စာပေတို့မှ ရရှိလာသည့် အကျိုးကျေးဇူးတို့သာ ဖြစ်ကြပါသည်။

လောကတွင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူ၍ အဓိက သုံးမျိုး ရှိပေရာ- 'စာအုပ် စာပေ'သည် မြင်ဆရာ ဖြစ်ပါသည်။ စာအုပ်၊ စာပေများကို ဖတ်ရှုလေ့လာခြင်းမှ ဗဟုသုတတိုးပွားလာမည်။ အသိအမြင်များ ကြွယ်ဝလာမည်။ အတွေးအခေါ်များ ရင့်ကျက်လာမည်။ အယူအဆတို့ မှန်ကန်လာမည်။ အသိပညာ အတတ်ပညာတို့ တိုးပွားလာမည်။ တိုးပွားလာသော ဗဟုသုတနှင့် အတတ်ပညာတို့ဖြင့် လောကကို အလှဆင်နိုင်မည်။ စာပေသည် ဖော်ပြပါ အကျိုးကျေးဇူးများကို ပေးစွမ်းနိုင်သဖြင့် လူသားတို့၏ ကျေးဇူးရှင်၊ အလင်းမျက်စိကို ဖွင့်ပေးသူ ဟု တင်စားချင်ပါသည်။ 'စာမတတ်သူသည် အကန်းနှင့်တူသည်' ဆိုစကား သတိရမိပါသည်။

စာပေများကို ဖတ်ရှုလေ့လာခြင်း၊ လက်တွေ့လိုက်နာခြင်း၊ စာပေအသိဖြင့် ကြိုးစားမှုတို့ကြောင့် နိုင်ငံ့အကြီးအကဲများ၊ မျိုးချစ်ခေါင်းဆောင်ကြီးများ၊ အသိပညာရှင်ကြီးများ၊ ဆန်းသစ်တီထွင်နည်းပညာရှင်ကြီးများ၊ ကြွယ်ဝချမ်းသာသည့် မီလျံနာကြီးများ ဖြစ်လာသည့် ဥပမာများစွာ ရှိနေပါသည်။ စာပေများ၏ လှုံ့ဆော်မှု၊ ရေးသားဖော်ပြမှုများကြောင့် လူသားတို့ မျိုးချစ်စိတ်ဓာတ် ရင့်သန်လာခဲ့ခြင်း၊ ဇာတိသွေးဇာတိမာန်များ တိုးပွားလာခဲ့ခြင်း၊ တက်ကြွညီညာ စုပေါင်းလုပ်ဆောင်လိုစိတ် စသည်တို့ဖြစ်ပေါ်ခဲ့သည်။ စာပေအသိစိတ်မှသည် လူမှုဘဝများ အဆင့်ဆင့် ပြောင်းလဲလာမှု၊ သူ့ကျွန်ဘဝမှ လွတ်မြောက်လာခဲ့မှု၊ လူမှုစီးပွားတိုးတက်လာမှု စသည်တို့ကို စာပေများက ဖော်ပြနေပါသည်။

အလိမ္မာ စာမှာရှိသည်။ ကောင်းမြတ်သောအသိ၊ ထက်မြက်သည့် စွမ်းရည်၊ ထူးချွန်သည့် တီထွင်မှု၊ စနစ်ကျသည့် စီမံခန့်ခွဲမှုတို့သည် စာအုပ်စာပေများက ရရှိပါသည်။ ယနေ့အချိန်တွင် နိုင်ငံတစ်ဝန်းလုံး လူကြီးလူငယ် လူရွယ်မှန်သမျှ စာဖတ်ကြရန်၊ ကာယ ဉာဏ စာရိတ္တ မိတ္တနှင့် ဘောဂတည်းဟူသော ဗလငါးတန် ရင့်သန်ကြစေရန်အတွက် လူငယ်စာဖတ်ဝိုင်းများ၊ စာပေ ဆွေးနွေးပွဲများ၊ ဟောပြောပို့ချပွဲများ၊ လူငယ်များတွေ့ဆုံပွဲ၊ ဆောင်းပါး စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပွဲများ၊ နိုင်ငံတော်အဆင့် သုတေသနစာတမ်းဖတ်ပွဲများ၊ စာကြည့်တိုက်များ ဖွင့်လှစ်ခြင်း၊ အသစ်ပြုပြင်ခြင်း၊ စာအုပ်စာစောင်များ လှူဒါန်းခြင်းများ စသည်တို့ကို အားပါးတရ တွေ့မြင်ရ၍ ဝမ်းမြောက်ကြည်သာ ပီတိဖြာရပါသည်။

လူသားအားလုံးတို့ စာဖတ်ရှိန်မြှင့်တင်ကြပါ။ စာပေ ဗဟုသုတ ရရှိကြစေရန် 'ဖတ်ပါ၊ မှတ်ပါ၊ လေ့လာကြပါ' ဟူ၍ စာရေးသူ၏ ရင်တွင်းဆန္ဒ တင်ပြလိုက်ရပါသည်။

စာအုပ်၊ စာပေများမှတစ်ဆင့် အသိပညာ၊ အတတ်ပညာ၊ အကျင့်သိက္ခာ၊ ကိုယ်ကျင့်အဘိဓမ္မာ၊ လောကုတ်လောကီ နှစ်လီသောအကျိုးကို ရစေပါသည်။ သိစေပါသည်။ သဘောပေါက်နားလည်စေပါသည်။ မြင့်သောစိတ်၊ မြတ်သောစိတ်ထားကို ပြုပြင်ပြောင်းလဲစေသည်။ သူတော်ကောင်းတရားကို ရင်ဝယ်ထားလိုစိတ်၊ အများအကျိုးကို သယ်ပိုးလိုစိတ်၊ အတ္တ-ပရကို ခွဲခြားသိမြင် ဆင်ခြင်နိုင်စိတ်၊ မျိုးချစ်စိတ်၊ အမျိုးဂုဏ် ဇာတိဂုဏ်တို့ မြင့်မားလာစေသည့်စိတ်များ ပိုမိုရင့်သန်လာပေသည်။ 'ပညာရွှေအိုး လူမခိုး' 'ပညာရဲရင့် ပွဲလယ်တင့်' ဆိုစကား ရှိထားပြီး ဖြစ်ပါသည်။



## မိုးစပါး ၄၁၉၀၄ ဧကလျာထား စိုက်ပျိုး

**ကျောက်ဆည် ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ဒေသအတွင်းဆန်စပါး ဖူလုံပိုလျှံရေး နွေစပါး၊ မိုးစပါးများကို စီမံကိန်းသီးနှံအဖြစ် သတ်မှတ်ပြီး ဆည်ရေ၊ မိုးရေ၊ မြေအောက်ရေ(စက်ရေတွင်း)ဖြင့် တိုးချဲ့စိုက်ပျိုးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မိုးစပါး ၄၁၉၀၄ ဧက လျာထားစိုက်ပျိုးလျက်ရှိသည်။

မိုးစပါးသီးနှံများလျာထား စိုက်ပျိုးရာတွင် မင်းရဲစိုက်ပျိုးရေးမြောင်းရေဖြင့် ၂၅၉၄ ဧက၊ သင်းတွဲစိုက်ပျိုးရေးမြောင်းရေဖြင့် ၇၀၆၂ဧက၊ ငပြောင်စိုက်ပျိုးရေးမြောင်းရေဖြင့် ၃၄၅၈ ဧက၊ ဇီးတောစိုက်ပျိုးရေးမြောင်းရေဖြင့် ၈၁၆ ဧက၊ နွားတက်စိုက်ပျိုးရေးမြောင်းရေဖြင့် ၁၅၈၂၁ ဧက၊ တမုတ်စိုက်ပျိုးရေးမြောင်းရေဖြင့် ၅၄၆၀ ဧက၊ အထက်လင်းဇင်းစိုက်ပျိုးရေးမြောင်းရေဖြင့် ၈၁၃ဧက၊ သင်းဒီးစိုက်ပျိုးရေးမြောင်းရေဖြင့် ၅၉၁၀ ဧက စုစုပေါင်း ၄၁၉၀၄ ဧက လျာထား စိုက်ပျိုးထားသည်။

မိုးစပါးစိုက်ခင်းများစိုက်ပျိုးရာတွင် ဒေသအလိုက် ပျိုးထောင်စိုက်ပျိုးခြင်း၊ အစေ့တိုက်ရိုက်ချစိုက်ပျိုးခြင်း နည်းစနစ်များဖြင့် အမျိုးမျိုးစိုက်ပျိုးကြကြောင်းနှင့် လျာထားစိုက်ဧက ပြည့်မီကျော်လွန်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသနှင့်ကိုက်ညီသည့် မျိုးစေ့များ ဖြန့်ဝေပေးခြင်း၊ စိုက်နည်းစနစ်များ ကူညီဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှလည်း မိုးစပါးများ အချိန်မီပြီးစီးရေး ကောက်စိုက်စက်များ၊ မျိုးစေ့ချကိရိယာများဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၄၈၅)

## ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်း အဆင့်မြှင့်တင် ဆောင်ရွက်

**ပွင့်ဖြူ ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP)စီမံကိန်းရန်ပုံငွေဖြင့် သူဌေးကုန်းကျေးရွာ၌ ဒေသခံပြည်သူများ ရာသီမရွေး သွားလာရေး အဆင်ပြေစေရန်အတွက် ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ပွင့်ဖြူမြို့နယ် သူဌေးကုန်းကျေးရွာ၌ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်း အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP)စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သုညဒသမ ၇ သန်း၊ စုစုပေါင်း ငွေကျပ် ၁၅ ဒသမ ၇ သန်းဖြင့် ကျေးရွာတွင်း မြေသားလမ်းအရှည်ပေ ၄၅၀၀ အား လမ်းအကျယ် ၁၂ ပေ၊ လမ်းအမြင့်ထု ၉ လက်မ မြေနီကျောက်စရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းဖြစ်ကာ ယင်းကျေးရွာတွင်းလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ကျေးရွာစီမံကိန်းလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ဦးဆောင်မှုဖြင့် ဩဂုတ် ၁၃ ရက်ကစပြီး ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်တာဝန်ယူ ဆောင်ရွက်နေခြင်းဖြစ်ပြီး ယခုလက်ရှိတွင် လုပ်ငန်းများ ၈၈ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်သည်။



အဆိုပါ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက လိုအပ်သည့် နည်းပညာများ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ယင်းမြေနီကျောက်စရစ်လမ်း ဆောင်ရွက်ပြီးစီးပါက သူဌေးကုန်းကျေးရွာရှိ အိမ်ခြေ ၂၄၉ အိမ်၊ လူဦးရေ ၁၀၈၉ ဦးအတွက် ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်ထံမှ သိရသည်။

**(အပေါ်ပုံ)**

(၄၄၅)



## နယ်လှည့်စာကြည့်တိုက်လုပ်ငန်းဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

**မိုင်းဖြတ် ဩဂုတ် ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက နယ်လှည့်စာကြည့်တိုက်လုပ်ငန်းကို အ-ထ-က (မိုင်းဖြတ်)ကျောင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်လက်ထောက် - ၃ ဒေါ်နန်းကောင်ခမ်းနှင့် ဝန်ထမ်းများက အ-ထ-က (မိုင်းဖြတ်) ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများကို သုတ၊ ရသစာပေ (၁၅၀) အုပ်ကို (အခမဲ့)ငှားရမ်းပေးခဲ့သည်။

ထိုသို့ စာအုပ်စာစောင်များ ငှားရမ်းပေးခြင်းသည် စာဖတ်ပရိသတ်များအနေဖြင့် ပြည်သူ့စာကြည့်တိုက်သို့ မလာနိုင်သော်လည်း စာပေများကိုအလွယ်တကူ ငှားရမ်းဖတ်ရှုနိုင်ရေး၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတစာပေများကိုပါ လေ့လာဖတ်ရှုစေရေးအတွက် ရည်ရွယ်ပြီး ကွင်းဆင်းငှားရမ်းပေးခြင်းဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

## ဆန်များအား ရည်ညွှန်းဈေးအတိုင်း ပုံမှန်ရောင်းချနိုင်ရန် ဆန်စက်များအား ကွင်းဆင်းစစ်ဆေး



**မြို့သစ် ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်တွင် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးအတွက် စားသုံးဆီဆိုင်များ၊ ဆန်ဆိုင်များအား သတ်မှတ်ရည်ညွှန်းဈေးများအတိုင်း ရောင်းချခြင်း ရှိ၊ မရှိနှင့် ကုန်ညွှန်းအမှတ်အသားများပါရှိရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြို့သစ်မြို့၊ မြို့မဈေးနှင့် ရပ်ကွက်များရှိ ကုန်စုံဆိုင်များနှင့် ဆန်ဆိုင်များသို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့သစ်မြို့နယ်တာဝန်ခံများပူးပေါင်းကာ မြို့မဈေးအတွင်းရှိ ဆန်ဆိုင်များ၊ စားသုံးဆီ အရောင်းဆိုင်များသို့ ဝင်ရောက်၍ စားသုံးဆီနှင့် ဆန်များအား ရောင်းချပေးရာ၌ ကုန်ညွှန်းအမှတ်အသားများ ကပ်ထားခြင်း ရှိ၊ မရှိ၊ ဆန်များအား သတ်မှတ်ထားသည့် ဈေးနှုန်းထက် ကျော်လွန်ရောင်းချခြင်းမပြုလုပ်ရန် ကွင်းဆင်းစစ်ဆေး၍ ဆီဆိုင်ပိုင်ရှင်နှင့် ဆန်ကုန်သည်များအား ပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## မိုးတွင်းကာလ မှျစ်ပေါ်ချိန်၌ မျှစ်သိုလှောင်သူ များပြားလျက်ရှိ

**နတ်မောက် ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် မြို့မစည်ပင်သာယာရေးဈေးအတွင်း ရောင်းချသည့် ဈေးသည်များသည် ယခုမိုးရာသီကာလတွင် ဝါးပင်မှ မျှစ်နများထွက်သည့် ကာလဖြစ်သောကြောင့် မျှစ်ပေါ်ချိန်ဖြစ်၍ မျှစ်များကို ဝယ်ယူပြီး မျှစ်သိုလှောင်သူ များပြားလျက်ရှိသည်။

"မျှစ်တစ်ပိဿာကို ၁၅၀၀ ကျပ်ဈေးနှုန်းပေးဝယ်ပြီး အိမ်အရောက် ကားနဲ့ပို့ပေးပါတယ်၊ မျှစ်သိပ်မယ်ဆိုရင် မျှစ် ၃၅ ပိဿာကို ဆား ၂ ပိဿာခွဲ ကုန်ပါတယ်၊ ပိုထဲမျှစ်ထည့်ပြီး မျှစ်တွေကို သိပ်၍ လှောင်ရပါတယ်၊ မျှစ်အချိန် ၁၇၂၂ ပိဿာ လှောင်ထားပါတယ်၊ စုစုပေါင်း ကုန်ကျငွေကတော့ ၂၅၇၅၀၀ ကျပ် အရင်းရှိပါတယ်၊ သိပ်ပြီး လှောင်ထားတဲ့မျှစ်တွေကိုတော့ တန်ဆောင်မုန်းလမှာ စဖွင့်ပြီး ရောင်းပါတယ်၊ ကိုယ်တိုင်လည်း ရောင်းချပြီး ဈေးအတွင်းကိုလည်း လက်ကားအနေနဲ့ ရောင်းချပါတယ်"ဟု မျှစ်သိပ်သိုလှောင်သူ ဒေါ်စန်းနွဲ့ထံမှ သိရသည်။ **လှဝင်း**



## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပဲပုပ်ကို နာဂဒေသတွင် အများဆုံးစိုက်ပျိုး

**စစ်ကိုင်း ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပဲပုပ်ကို နာဂဒေသတွင် အများဆုံးစိုက်ပျိုးရာ ယခုနှစ်တွင် ပဲပုပ်ဧက ၁၂၀၀ ကျော် လျာထားစိုက်ပျိုးလျက်ရှိသည်။

"မိုးဦးနဲ့ မိုးနှောင်းကာလတွေမှာ စိုက်ပျိုးတယ်ဆိုရင် ပဲပုပ်ပင်က စိုက်ပျိုးပြီး ရက် ၉၀ ကနေ ရက် ၁၀၀ အတွင်း သီးနှံထွက်ရှိပါတယ်။ ရိတ်သိမ်းတာကိုတော့ တံစဉ်နဲ့ ရိတ်သိမ်းကြတာများတယ်။ အထွက်နှုန်းက တစ်ဧကကို ၂၅ တင်း၊ တင်း ၃၀ ဝန်းကျင်ထွက်ပါတယ်။ ပဲပုပ်စိုက်ပျိုးကုန်ကျစရိတ်က တစ်ဧက ပျမ်းမျှကျပ်လေးသိန်းခွဲဝန်းကျင် ကုန်ကျနိုင်ပါတယ်"ဟု ပဲပုပ်စိုက်တောင်သူက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးသီးနှံပဲပုပ်ကို မေလမှစတင် စိုက်ပျိုးရာ ဧက ၁၅၀၀ ကျော် စိုက်ပျိုးထားရာ နာဂဒေသတွင် ဧက ၁၁၀၀ ကျော် စိုက်ပျိုးထားပြီးဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"လိုအပ်တဲ့ ပဲပုပ်မျိုးစေ့တွေ တောင်သူတွေရရှိဖို့နဲ့ ပိုးမကျအောင် ပညာပေးတာတွေ လုပ်ဆောင်နေကြပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး နာဂဒေသတွင်ပဲပုပ် ၁၁၉၂ ဧက၊ ခန္တီးခရိုင်တွင် ၁၃၈ဧက၊ ကလေးခရိုင်တွင်၁၁၈ဧက၊ ဟုမ္မလင်းခရိုင်တွင်၇၄ ဧက၊ ကသာခရိုင်တွင် ၃၄ ဧက စုစုပေါင်း ၁၅၅၆ ဧကစိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

(ယာပုံ)

(၃၉၄)

၀-၀-၀-၀-၀-၀-၀

# ပဲခူးမြို့တွင် ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား ကျင်းပ



## ကရင်ဖားစည်အား ကိုးချက်တီး၍ အခမ်းအနား ဖွင့်လှစ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတို့က ကရင်ဖားစည်အား ကိုးချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်ပေးစဉ်။

ပဲခူး ဩဂုတ် ၂၉

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့တက်ရောက် ချီးမြှင့်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတို့က ကရင်ဖားစည်အား ကိုးချက်တီး၍ အခမ်းအနားကိုဖွင့်လှစ်ပေးသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတို့က နှုတ်ခွန်းဆက်စကား ပြောကြားကာ ကရင်ရိုးရာချည်ဖြူဖွဲ့ခြင်း ဖြစ်ပေါ်လာပုံနှင့် ပတ်သက်၍ ကရင်တိုင်းရင်းသား ဘာသာစာပေသင် ဆရာမတစ်ဦးက ရှင်းလင်းပြောကြားသည်။

**ကပြဖျော်ဖြေတင်ဆက်**

ယင်းနောက်သရက်ကုန်းညောင်အင်း၊ ပျဉ်းမငူကျေးရွာများမှ ကရင်တိုင်းရင်းသား/တိုင်းရင်းသူများက ဖဲကြိုးကျစ်အကနှင့် ကရင်ရိုးရာအကများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြပြီး ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက ဦးဆောင်၍ ကရင်လူငယ်မောင်မယ်များက ကရင်အမျိုးသားအလံနှင့် လက်ချည်ဖွဲ့မည့် ပစ္စည်းများကို သတ်မှတ်နေရာများသို့ သယ်ဆောင်ခြင်း၊ ဘိုးဘွားများ နေရာယူခြင်းတို့ ဆောင်ရွက်ကြသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများအား ချည်ဖြူဖွဲ့ပေးကြပြီး ကရင်အဘိုးအဘွားများအတွက် ထောက်ပံ့ငွေအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ကလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီအတွက် ထောက်ပံ့ငွေအား ပြည်ထောင်စုဝန်ကြီးက လည်းကောင်း၊ ကရင်ရိုးရာဒုံးယိမ်းအဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေအား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ကလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ညောင်လေးပင်ခရိုင် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဝင် ဦးစောလင်းအောင်က ကျေးဇူးတင်စကား ပြောကြားပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကာ အခမ်းအနားတက်ရောက်လာကြသူများအား နေ့လယ်စာဖြင့် တည်ခင်း ဧည့်ခံကျွေးမွေးကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# ချန်ပီယံလိဂ်သမိုင်းတစ်လျှောက် ဂိုးသွင်းအများဆုံး ကစားသမားဆုကို စီရော်နယ်လ်ဒို ဆွတ်ခူး



**လန်ဒန် ဩဂုတ် ၂၉**

တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ချန်ပီယံလိဂ်သမိုင်းတစ်လျှောက် ဂိုးသွင်းအများဆုံးဆု (UEFA Special Award) ဆုကို ဆွတ်ခူးရယူနိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ကစားသမားဘဝတစ်လျှောက် ချန်ပီယံလိဂ်ပွဲပေါင်း ၁၈၃ ပွဲ ကစားကာ ဂိုးပေါင်း ၁၄၀ ထိ သွင်းယူပြီး မက်ဆီ၊ လီဝန်ဒေါစကီးတို့အား ကျော်ဖြတ်ကာ ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် လက်ရှိအချိန်တွင် ဆော်ဒီကလပ် အယ်လ်နာဆာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲပေါင်း ၇၄ ပွဲကစားပြီး ၆၈ ဂိုးထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၃၉)နှစ်အရွယ်ရှိ စီရော်နယ်လ်ဒိုက "ကျွန်တော် အခုလို ဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို အစဉ်အမြဲအားပေးတဲ့ ပရိသတ်တွေကိုလည်း အမြဲကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ (NGB)

**နေပြည်တော် ဩဂုတ် ၂၉**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဩဂုတ် ၃၀ ရက်တွင် ပိုမိုအားကောင်းလာနိုင်ကာ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့သို့ ရောက်ရှိနိုင်သည်။ ထိုမှတစ်ဆင့် စက်တင်ဘာ ၁ ရက်တွင် မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ပိုမိုအားကောင်းလာနိုင်

